# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၈) ရက်၊ အင်္ဂါနေ့ ၊ (25-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၈၈၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကျင်းပ



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ရန်ကုန် ဇူလိုင် ၂၄**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများ၊တိုင်းဒေသကြီး၊ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့

ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စေတနာ သဒ္ဓါထက်သန်မှုဖြင့် တည်ဆောက်ပြီးစီးတော့မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ဆောင်းပါး စာမျက်နှာ - ၂၁

နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင်တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေတို့သို့ အပန်းဖြေ ခရီးသွားရောက် စာမျက်နှာ - ၁၆


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော



မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြု၊ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



# စဉ့်ကူးမြို့နယ် ဆည်သည်(မ)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စဉ့်ကူး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ဆည်သည်(မ)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)သည် ကျေးရွာလိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးကျော်သက်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်း ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆည်သည်(မ)ကျေးရွာအပါအဝင် ကျေးရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ရဲခိုင်ဦးကို**

# အောင်လံမြို့နယ် ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်ဝန်ထမ်းများက ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆင်ချီတိုင်ကျေးရွာ၌ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၁၆ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုလှိုင်**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၈၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၃၂၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်။ ဒီနှစ် ကလေးခရိုင်မှာ ပဲတီစိမ်း ၈၃၆၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ပဲတီစိမ်း ၃၂၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီ။ ပဲတီစိမ်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၀၂ ဧက၊ ကလေးဝမြို့နယ်တွင် ၃၆၁ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဧက၂၁၂၀ စုစုပေါင်း ပဲတီစိမ်း ၃၂၈၃ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ပဲတီစိမ်းလျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၀၅၃ ဧက၊ ကလေးဝမြို့နယ်တွင် ၆၇၉ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၅၆၃၆ ဧက စုစုပေါင်း ပဲတီစိမ်း ၈၃၆၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ စိုက်နည်းစနစ် မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရန်၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် တောညကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောညကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၂၇၈ သိန်းဖြင့် ဆောင်ရွက်ထားသော စီမံကိန်းလုပ်ငန်းများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက တောညကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောညကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၇၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**

# ကော့မှူးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP စီမံချက်ရေးဆွဲခြင်းနှင့် AVIP သင်တန်းပို့ချ

**ကော့မှူး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲခြင်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းပို့ချခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များကို လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် ရည်ရွယ်၍ VDP စီမံချက်ရေးဆွဲနည်း၊ AVIP သင်တန်းပို့ချပေးခြင်းနှင့် သင်တန်းတက်ရောက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ညီညီထွန်းက သင်ကြားပို့ချပေးမှုများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားနာယူ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။


အဆိုပါသင်တန်းသို့ ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘုရားနီ၊ လာဝတီ၊ တောင်ချောင်၊ ဇလုပ်ကြီး၊ မော်ကန်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင်ကျွမ်းကျင်နည်းပြများက စီမံကိန်းရေးဆွဲနည်း၊ ရန်ပုံငွေသုံးစွဲနည်းဆိုင်ရာ ဘာသာရပ်များကို တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခြေခံ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇော်ဦး(မော်ရှမ်းမြေ)**



# လူတိုင်းအတွက်ဗီတာမင်(အပိုင်း-၁)

ပါမောက္ခကိုကိုအောင်




ကမ္ဘာ့လူသားတို့သည် ၁၈ ရာစုမတိုင်မီအချိန်ထိ မိမိတို့စားသုံးသောအစားအစာများက မိမိအတွက် မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုဖြစ်စေသည်ကို မသိရှိခဲ့ကြပေ။ အစားအစာတစ်မျိုးမျိုးကြောင့် ကျန်းမာရေးချို့ယွင်းမှုဖြစ်ရသည့်အခါများ၌လည်း အစားအသောက်ကြောင့် ရောဂါဖြစ်ရသည်ဟု မတွေးမိကြသလို တစ်ခါတစ်ရံ၌ စားသင့်သောအစားအစာကို မစားမိသောကြောင့် ရောဂါထွေပြားနေရသည်ဟုလည်း မစဉ်းစားမိခဲ့ကြပေ။

ရောဂါတစ်ခုဖြစ်လာသည့်အခါ ရိုးရာကုထုံးဆေးဝါးများဖြင့်သာ ပျောက်ကင်းချမ်းသာရာရအောင် ကုသခဲ့ကြသည်။ ထိုစဉ်ကာလများက ဆေးဖက်ဝင်အပင်ဟု စွဲမြဲစွာယုံကြည်ထားကြသော သစ်ပင်များ၏ အခေါက်၊ အပွေး၊ အတက်၊ အရွက်နှင့် အမြစ် စသည်တို့သည် ရောဂါပျောက်ကင်းချမ်းသာအောင်ကုသရာတွင် တန်ဖိုးကြီးသော ဆေးဝါးကုန်ကြမ်းများဖြစ်ခဲ့သည်။ ထိုဆေးဝါးကုန်ကြမ်းများဖြင့် ဖော်စပ်သောတိုင်းရင်းဆေးများစွာတို့သည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

၁၈ ရာစု၏ အလယ်ပိုင်းကာလသို့ရောက်ရှိလာသည့်အခါ ရောဂါများကို ကုသရာတွင် ဆေးဝါးသက်သက်ကိုသာ အားကိုးနေခြင်းထက် အစာအာဟာရဖြင့် ပေါင်းစပ်ကုသခြင်းက ပို၍ထိရောက်မှုရှိသည်ကို စတင်ဖော်ထုတ်တွေ့ရှိလာရသည်။ ထိုကာလသည်ကား လူ့အသက်ကို ကာကွယ်ပေးသည့်လက်နက်နှင့်တူသော ဗီတာမင်များကို စတင်ဖော်ထုတ်တွေ့ရှိနိုင်ရေးအတွက် ရောင်ခြည်သန်းလာသည့် အချိန်ကာလတစ်ခုပင်ဖြစ်ခဲ့သည်။

၁၇၄၀ ပြည့်နှစ်က စကော့တလန်လူမျိုး ဂျိမ်းစ်လင်း(James Lind) သည် ဗြိတိသျှရေတပ်မတော်၏ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုစဉ်က ရေတပ်သားအများစုတို့သည် စကာဘီ(Scurvy) ဟုခေါ်သော ရောဂါဝေဒနာကို ခံစားနေကြရသည်။ ခန္ဓာကိုယ်ထဲက သွေးယိုစိမ့်ပြီး အားနည်းလာသည့် ရောဂါဖြစ်သည့်အတွက် ရေတပ်သားများသည် ဒဏ်ရာအသေးအမွှားရရုံမျှဖြင့် သွေးမတိတ်သည့် ဝေဒနာကို ခံစားနေကြရသည်။

ဒေါက်တာလင်းသည် ရေတပ်သားများခံစားနေရသောရောဂါဝေဒနာကို ၎င်းတို့၏စားသောက်မှုပုံစံနှင့် ချိန်ထိုးပြီး ကြိမ်ဖန်များစွာ စဉ်းစားသုံးသပ်ခဲ့သည်။ ရေတပ်သင်္ဘောသားများ၏သဘာဝအရ လပေါင်းများစွာကြာအောင် ပင်လယ်ထဲသို့ သွားနေကြရသည့်အတွက် သင်္ဘောပေါ်၌ အသင့်ပါလာသည့်အစားအစာများကိုသာ အကန့်အသတ်ဖြင့် စားသောက်နေကြရပြီး အဆိုပါအစားအသောက်များမှလွဲ၍ ကျန်အစားအစာများကို စားသောက်ခွင့်မရကြပေ။ ထိုအခြေအနေသည် ရေတပ်သားများခံစားနေကြရသည့် စကာဘီရောဂါနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ဒေါက်တာလင်းက ကောက်ချက်ချခဲ့သည်။

ထို့ကြောင့်ပင် ရောဂါဖြစ်နေသောရေတပ်သားများကို အုပ်စုနှစ်စုခွဲ၍ ပထမအုပ်စုကို သံပရာသီး၊ လိမ္မော်သီး စသောအသီးအနှံများကိုစားသောက်စေပြီး ကျန်အုပ်စုတစ်စုကို မူလအခြေအနေအတိုင်းထားကာ ရက်အတန်ကြာ စမ်းသပ်ခဲ့သည်။ အသီးအနှံစားရသော ပထမအုပ်စုသည် ခုနစ်ရက်အတွင်းမှာပင် သွေးယိုစိမ့်သည့်ရောဂါ သက်သာလာကြောင်း တွေ့ရှိရပြီး အသီးအနှံမစားရသော ဒုတိယအုပ်စုမှာ ရောဂါအခြေအနေ ပိုဆိုးလာကြောင်း စမ်းသပ်တွေ့ရှိရသည်။

ရှောက်၊ သံပရာ၊ လိမ္မော်အစရှိသော အချဉ်ဓာတ်ပါသည့်အသီးအနှံများသည် စကာဘီရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်ကြောင်းနှင့် ဖြစ်ပွားခဲ့လျှင်လည်း အဆိုပါအသီးအနှံများကို စားသုံးစေခြင်းဖြင့်ကုသနိုင်ကြောင်း ဒေါက်တာလင်းက စတင်ဖော်ထုတ်တွေ့ရှိခဲ့သည်။ ဒေါက်တာလင်း၏တွေ့ရှိချက်သည် ရောဂါဝေဒနာများကို ကုသရာ၌ စားဆေး၊ ထိုးဆေးများအပြင် ဓာတ်စာများဖြင့်လည်း ကုသ၍ရနိုင်ကြောင်း ဆေးပညာလောကကို မီးမောင်းထိုးပြပေးခဲ့သည်။ ထိုဓာတ်စာသည်ကား ယနေ့ခေတ်အခေါ်အားဖြင့် ဗီတာမင်ကြွယ်ဝသောအစားအစာများပင်ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် ပိုလန်လူမျိုး သိပ္ပံပညာရှင် ကာစီမီယာဖန့်(Carsimir Funk)က စပါးကိုအခွံချွတ်လိုက်သည့်အခါ ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းတစ်မျိုးသည် ရောဂါဝေဒနာတချို့ကို ကုသနိုင်ကြောင်း သုတေသနပြုတွေ့ရှိခဲ့သည်။ ဒေါက်တာဖန့်အနေဖြင့် ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းသည် လူ့ခန္ဓာကိုယ်အတွက် အလွန်လိုအပ်သောဓာတုပစ္စည်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း ကောင်းစွာယုံကြည်လက်ခံခဲ့သည်။

အဆိုပါဓာတုပစ္စည်းကို အမင်း(Amine) ဟုခေါ်ဆိုပြီး လက်တင်ဘာသာစကားဖြစ်သော ဗီတာ(Vita) နှင့်ပေါင်းစပ်၍ ဗီတာမင်း(Vitamine) ဟုခေါ်တွင်စေခဲ့သည်။ ဗီတာဆိုသော စကားလုံး၏အဓိပ္ပာယ်မှာ **အသက်**ဖြစ်သည့်အတွက် ဗီတာမင်းဆိုသည်မှာ **လူ့အသက်အတွက် အလွန်လိုအပ်သောဓာတုပစ္စည်း**ဟု အဓိပ္ပာယ်ရသည်။

ဒေါက်တာကာစီမီယာဖန့်၏နောက်ပိုင်း ဆေးသိပ္ပံပညာရှင်များက စဉ်ဆက်မပြတ် သုတေသနပြုဖော်ထုတ်ချက်များအရ ဗီတာမင်းတိုင်းသည် Amine ခေါ် ဓာတုပစ္စည်းမဟုတ်ကြောင်း တွေ့ရှိလာရသည့်အတွက် မူလစကားလုံး ဗီတာမင်း(Vitamine) ထဲမှ (e) အက္ခရာကိုဖြုတ်ပြီး ဗီတာမင်(Vitamin) ဟူ၍ ပြောင်းလဲခေါ်ဝေါ်အမည်တွင်စေခဲ့သည်။

ဤသည်မှာကား လူ့ဘဝတစ်လျှောက် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဗီတာမင်သည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေကြောင်း ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်အသိပေးခဲ့ကြခြင်း

**❖ လူ့ဘဝတစ်လျှောက် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဗီတာမင်သည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေကြောင်း ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်အသိပေးခဲ့ကြခြင်းဖြစ်သည်။ သာမန်အားဖြင့် လူတို့နေ့စဉ်စားသုံးနေသည့် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွက် ဗီတာမင်ကိုရရှိပြီး ထိုသို့ရရှိနေသည့်အတွက်ကြောင့်သာ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်ကြခြင်းဖြစ်သည်။ လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင်ဓာတ်ကို လုံလုံလောက်လောက်မဖြည့်ဆည်းနိုင်ပါက ဗီတာမင်ချို့တဲ့မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသည့်ရောဂါဝေဒနာများကို ခံစားကြရသည်။ ❖**

ဖြစ်သည်။ သာမန်အားဖြင့် လူတို့ နေ့စဉ်စားသုံးနေသည့် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွက် ဗီတာမင်ကိုရရှိပြီး ထိုသို့ရရှိနေသည့်အတွက်ကြောင့်သာ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်ကြခြင်းဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင်ဓာတ်ကို လုံလုံလောက်လောက်မဖြည့်ဆည်းနိုင်ပါက ဗီတာမင်ချို့တဲ့မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသည့်ရောဂါဝေဒနာများကို ခံစားကြရသည်။ အကယ်၍ ဗီတာမင်အလုံအလောက်မရရှိမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာမည့်ရောဂါဝေဒနာတို့မှ ရှောင်ရှားနိုင်ရန်အတွက် ဗီတာမင်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန်လိုအပ်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထောက်ပြခဲ့ကြသည်။

သို့ရာတွင် ဗီတာမင်သည် လူ့ဘဝတစ်သက်တာ ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရေးပါကြောင်းကို သိရှိကြသူမှာ အလွန်နည်းပြီး လူအများစုအနေဖြင့် ဗီတာမင်၏အရေးပါမှုကို မသိရှိကြပေ။ ဗီတာမင်၏အကြောင်းကိုလည်း စိတ်ဝင်စားမှုအလွန်နည်းပါးကြသလို မိမိခန္ဓာကိုယ်အတွက် ထာဝရမိတ်ဆွေဖြစ်ရမည့် ဗီတာမင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ကိုလည်း မသိရှိခဲ့ကြပေ။

ဆေးသိပ္ပံဆိုင်ရာ သုတေသနပညာရှင်များသည် ရာစုနှစ်တစ်စုတာကာလအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဗီတာမင်များထဲ၌ပင် အဆီတွင်ပျော်ဝင်သော ဗီတာမင်နှင့် ရေတွင်ပျော်ဝင်သော ဗီတာမင်များဟူ၍ ထပ်မံခွဲခြားထားသည်။ အဆီတွင်ပျော်ဝင်သော ဗီတာမင်များမှာ ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ဖြစ်ကြသည်။ ဗီတာမင် B1၊ ဗီတာမင် B2၊ ဗီတာမင် B3၊ ဗီတာမင် B5၊ ဗီတာမင် B6၊ ဗီတာမင် B12 နှင့် ဖောလစ်အက်စစ်တို့သည် ရေတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားများဖြစ်ကြသည်။

ဗီတာမင်များသည် အမျိုးအမည်တစ်ခုချင်းအလိုက် လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပုံများ မတူညီကြသလို ၎င်းဗီတာမင်များကို ရရှိနိုင်သောအစားအသောက်များမှာလည်း အမျိုးမျိုးအဖုံဖုံကွဲပြားခြားနားလျက်ရှိသည်။ သို့ရာတွင် လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပြီး သက်ရှည်ကျန်းမာနေထိုင်သွားနိုင်ရန် အထူးလိုအပ်သည့် ဗီတာမင်အမျိုးမျိုးတို့ကို လူတို့နေ့စဉ်စားသုံးနေကြသော အစားအသောက်များထံမှပင် လွယ်လင့်တကူရရှိနိုင်ကြသည်။

# ဖားကန့်မြို့နယ် နန့်စန်း(၁)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဖားကန့် ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နန့်စန်း(၁)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေထွန်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအတိုင်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံကျေးရွာပြည်သူများက နန့်စန်း(၁) ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နန့်စန်း(၁)ကျေးရွာ၌ အဆိုပါ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ ပထမအဆင့်ပြီးစီးမည့် တိုက်ခန်း ၁၂၀၀ ခန့်ကို ငှားရမ်းနေထိုင်ခွင့်ပြုမည်



**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာ စီမံကိန်းမှ ပထမအဆင့်ပြီးစီးမည့် တိုက်ခန်း ၁၂၀၀ ခန့်ကို စတင်ငှားရမ်းနေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းအုန်းဇော်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးအနီးနှင့်မြို့ပတ်လမ်းတွင် တည်ဆောက်လျက်ရှိသည့် သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ ပထမအဆင့်ပြီးစီးမည့်တိုက်ခန်း ၁၂၀၀ ခန့်တွင် ဝင်ငွေနည်းပြီး နေထိုင်ရေး အခက်အခဲရှိသော ပြည်သူ၊ အငြိမ်းစားဝန်ထမ်းနှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများကို ငါးနှစ်သက်တမ်းဖြင့် စတင်ငှားရမ်းနေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"အမှန်တကယ် နေထိုင်ရေး အခက်အခဲရှိသူတွေအနေနဲ့ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေမှာ လျှောက်လွှာဝယ်ယူပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး လျှောက်လွှာတွေကို ပြန်လည်တင်ပြရမှာ ဖြစ်ပါတယ်။ တိုက်ခန်းငှားရမ်းမှု သက်တမ်းကတော့ ငါးနှစ်ဖြစ်ပါတယ်။ ငါးနှစ်နေထိုင်ပြီးပါက တိုက်ခန်းကို ပြန်လည်အပ်နှံရမှာဖြစ်ပါတယ်။ တစ်လ ငှားရမ်းခနှုန်းထားတွေကတော့ ပထမထပ် ငွေကျပ် ၆၇၀၀၀၊ ဒုတိယထပ် ငွေကျပ် ၆၀၀၀၀၊ တတိယထပ် ငွေကျပ် ၅၅၀၀၀၊ စတုတ္ထထပ် ငွေကျပ် ၄၆၀၀၀ ဖြစ်ပါတယ်"ဟု ၎င်းကပြောပြသည်။

ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အိမ်ခန်းလျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် ဝယ်ယူပြီး သတ်မှတ်ပုံစံများအတိုင်းဖြည့်စွက်၍ လျှောက်လွှာဝယ်ယူခဲ့သည့် နေရာမှာပင် သတ်မှတ်ရက်အတွင်း လျှောက်လွှာများကို ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် အမှတ် (၂) လမ်းနှင့် အမှတ်(၇)မြို့ပတ်လမ်းဆုံအနီးရှိ မြေဧရိယာ ၁၇၁ ဧကတွင် ဆောက်လုပ်လျက်ရှိပြီး ပထမအဆင့်အဖြစ် အဆောက်အအုံ ၁၉၄ လုံး ဆောက်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)နှင့်မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် (MLCA)တို့က အဆောက်အအုံ ၉၇ လုံးစီ ခွဲဝေဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# နတ်တလင်းမြို့နယ် မြို့ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ရွာသာကုန်းကျေးရွာအုပ်စု မြို့ကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နတ်တလင်းမြို့နယ် မြို့ကလေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ရေလုပ်ငန်းလုပ်ကိုင်သူများကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သန္တာ**

# မြန်မာစာပေ တင့်ဆန်းစေသူ

\- ရှင်မဟာရဋ္ဌသာရ
အင်းဝခေတ်က စာဆိုကျော်၊
ပျို့ မော်ကွန်း စာကဗျာများ
ရေးသားရာတော်၊
သူမတူစွာနော်
အတွေးအခေါ် ဗဟုသုတ၊
ပြည့်စုံကောင်းမြတ်သီဖွဲ့မှု
ပြုနိုင်စွမ်းလှ။

\- ဆယ်ကျော်သက်အရွယ်မှ
စတင်၍ စာကဗျာတွေ၊
ရေးသီကာ စာပေအလင်း
ဖြန့်ကျင်းခဲ့ပေ၊
မကောင်းမှု အထွေထွေ
သွေဖည်ရှောင်ရှားစေရန်အရေး၊
လောကီလောကုတ်ပမာအမျိုးမျိုးဖြင့်
မရိုးအောင်စာသကာ
လမ်းပြသည်လေး။

\- ရှင်မဟာရဋ္ဌသာရ ရေးသားခဲ့
ပျို့ မော်ကွန်းနဲ့ စာကဗျာ၊
ယခုတိုင် လူသိများ
ထင်ရှားဆဲပါ၊
သုတရသနှစ်ဖြာ
ပေးဝေကာနေအမြဲတည့်၊
မြန်မာစာပေအဆင့်အတန်း
တင့်ဆန်းကာကောင်းမြတ်ခြင်းလည်း
ဆောင်ကြဉ်းပေးသူဟု
ဇမ္ဗူ့တစ်ခွင် တင်စားကာ
ဆိုဌြားချင်မိ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့် ကျေးလက် ကွာဟမှုကျဉ်းမြောင်းစေရန်နှင့် ကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရန်ရည်ရွယ်၍ ဘားအံမြို့နယ်ဘုရားကြိုင်ကျေးရွာ၌ ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် မြို့နယ်တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားသည်။

ဘုရားကြိုင်ကျေးရွာအဝင်ကွန်ကရစ်လမ်းသည် အရှည်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၂၅ သန်းဖြင့် တင်ဒါအောင်မြင်သော ရတနာပြည့်လျှံကုမ္ပဏီက ယခုနှစ်မေလတတိယပတ်က စတင်တာဝန်ယူဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေလာမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

**ဘိုဘို**

## နိုင်ငံတကာ သတင်းများ

# လေတပ်စစ်ရေးလေ့ကျင့်မှုများ အီရန်စစ်ဘက် စတင်ပြုလုပ်

**တီဟီရန် ဇူလိုင် ၂၄**

အီရန်နိုင်ငံအလယ်ပိုင်းဒေသ၌ နှစ်စဉ်ပြုလုပ်မြဲ လေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အီရန်စစ်ဘက်က ယနေ့တွင် စတင်ပြုလုပ်နေကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်း ဒေသသို့ အမေရိကန်နိုင်ငံက စစ်လေယာဉ်များ ထပ်မံပို့လွှတ်နေစဉ် အီရန်စစ်ဘက်က လေတပ်စစ်ရေးလေ့ကျင့်မှုများစတင်ပြုလုပ်နေခြင်းဖြစ်သည်။

ဖာဒေးယန်း၀ယ်လ်ယက်-၁၁ ဟူ၍ အမည်ပေးထားသော အဆိုပါ လေတပ်စစ်ရေး လေ့ကျင့်မှုတွင် အီရန်လေတပ်စခန်း ၁၁ ခုတို့ ပူးပေါင်းပါဝင်ခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ဟော်မုဇ်ရေလက်ကြားအစ၌ရှိသည့် ဘန်ဒါအဘတ်စ်ဆိပ်ကမ်းမှ လေတပ်စခန်းတစ်ခုလည်းပါဝင်ခဲ့ကြောင်း အီရန်မီဒီယာများ၏ အဆိုအရသိရသည်။

ဖာဒေးယန်း၀ယ်လ်ယက်-၁၁ စစ်ရေးလေ့ကျင့်မှုတွင် တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်နှင့် မောင်းသူမဲ့လေယာဉ် အစင်း ၉၀ ကျော်ပါဝင်မည်ဖြစ်ကြောင်း အီရန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ပင်လယ်ကွေ့ဒေသ ရေလမ်းကြောင်းများ၏ လုံခြုံရေးကိုမြှင့်တင်ရေးအတွက် အရှေ့အလယ်ပိုင်းဒေသသို့ စစ်လေယာဉ်များနှင့် စစ်သင်္ဘောတစ်စီး ထပ်မံစေလွှတ်ထားမည်ဟု အမေရိကန်နိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေညာထားကြောင်း သိရသည်။

KKO



# တရုတ်နိုင်ငံ အလယ်တန်းကျောင်းတစ်ကျောင်း၌ အားကစားရုံခေါင်မိုးပြိုကျမှုကြောင့် လူ ၁၁ ဦးသေဆုံး



**ပေကျင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်ရှိ အလယ်တန်းကျောင်း တစ်ကျောင်း၌ ကျောင်းအားကစားရုံခေါင်မိုးပြိုကျမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရသည်ဟု အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းအားကစားရုံ ခေါင်မိုးပြိုကျမှုသည် ချိကျိဟာမြို့၌ ဇူလိုင် ၂၃ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကျောင်းတွင်းဆောက်လုပ်ရေး လုပ်ငန်းတစ်ခု ပြုလုပ်နေစဉ် အားကစားရုံခေါင်မိုးပေါ်၌ ရေစုပ်ယူနိုင်သည့် လုပ်ငန်းသုံးပစ္စည်းများ ထားရှိခဲ့မှုကြောင့် ခေါင်မိုးပြိုကျခဲ့ရခြင်းဖြစ်နိုင်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုးအဆက်မပြတ် ရွာသွန်းနေချိန်တွင် ရေကိုစုပ်ယူထားနိုင်သည့် အဆိုပါဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကြောင့် အလေးချိန်တိုးလာပြီး ခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အားကစားရုံခေါင်မိုးပြိုကျချိန်တွင် အားကစားရုံအတွင်း၌ လူပေါင်း ၁၉ ဦးထိရှိနေခဲ့ပြီး လေးဦးထွက်ပြေးလွတ်မြောက်၍ လေးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်ကုန်တွင် ဟေလုံကျန်းပြည်နယ် အပါအဝင် တရုတ်နိုင်ငံ အချို့ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုနှင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

KKO

# ယာဉ်ပေါ့ဆစွာမောင်းနှင်မှုဖြင့် ဖမ်းဆီးခံရပြီးနောက် နယူးဇီလန်တရားရေးဝန်ကြီး ရာထူးမှနုတ်ထွက်

**ဝယ်လင်တန် ဇူလိုင် ၂၄**

နယူးဇီလန် တရားရေးဝန်ကြီး ကီရီအယ်လ်လန်သည် ယာဉ်တိုက်မှုတစ်ခုနှင့်ပတ်သက်၍ ယာဉ်ပေါ့ဆစွာမောင်းနှင်မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီးနောက် ယနေ့တွင် ရာထူးမှနုတ်ထွက်သွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝယ်လင်တန်မြို့၌ ဇူလိုင် ၂၃ ရက်တွင်ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု တစ်ရပ်ကြောင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးစစ်ဆေးမှုခံခဲ့ရပြီးနောက် တရားရေးဝန်ကြီး ကီရီအယ်လ်လန်ရာထူးမှနုတ်ထွက်သွားခြင်းဖြစ်သည်။

တရားရေးဝန်ကြီးအယ်လ်လန်မှာ မော်တော်ယာဉ်ပေါ့ဆစွာမောင်းနှင်မှု၊ ရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရန်ငြင်းဆိုမှုတို့ဖြင့် အမှုဖွင့်ခံခဲ့ရကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဖမ်းဆီးခံခဲ့ရပြီးနောက် ယနေ့မှာပင် တရားရေးဝန်ကြီး အယ်လ်လန်မှာ ရာထူးမှ နုတ်ထွက်ပေးခဲ့ကြောင်း ဝန်ကြီးချုပ် ခရစ်ဟစ်ကင်းစ်က သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုခဲ့သည်။

အမျိုးသမီး အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်သည့် တရားရေးဝန်ကြီးအယ်လ်လန်သည် အထွေထွေရွေးကောက်ပွဲမကျင်းပမီ နယူးဇီလန် လေဘာပါတီအစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သော စတုတ္ထမြောက်ဝန်ကြီးဖြစ်သည်။

ယခုနှစ်အောက်တိုဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လေဘာပါတီအနေဖြင့် အဓိကအတိုက်အခံပါတီဖြစ်သောအမျိုးသားပါတီနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိကြောင်း သိရသည်။ KKO

# ဂါဘွန်သမ္မတ ရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၉ ဦးပါဝင်ယှဉ်ပြိုင်မည်

**လိုင်ဘရီဘယ်လ် ဇူလိုင် ၂၄**

လာမည့်လအတွင်းကျင်းပမည့် ဂါဘွန်နိုင်ငံသမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၉ ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါဘွန်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများထဲတွင် အလီဘွန်ဂိုနှင့် ဝန်ကြီးဟောင်းအချို့လည်းပါဝင်ကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် မှတ်ပုံတင်လျှောက်ထားသူ ၂၃ ဦးရှိခဲ့ပြီး ၁၉ ဦးကို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် သမ္မတလောင်းများအဖြစ် အတည်ပြုပေးခဲ့ကြောင်း ဂါဘွန်ရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိသမ္မတ အလီဘွန်ဂိုကို ကျန်းမာရေးအခြေအနေအရ ရွေးကောက်ပွဲ ယှဉ်ပြိုင်ခွင့်မပေးသင့်တော့ကြောင်း အတိုက်အခံများက ကန့်ကွက်ထားသော်လည်း အလီဘွန်ဂိုကို သမ္မတလောင်းတစ်ဦးအဖြစ် ဂါဘွန်ရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးထားခြင်းဖြစ်သည်။

ဂါဘွန်သမ္မတ အလီဘွန်ဂိုသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက လေဖြတ်ခဲ့ဖူးရာ မော်ရိုကိုနိုင်ငံသို့သွားရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ရသည်။

ဂါဘွန်သမ္မတရွေးကောက်ပွဲကို လာမည့် ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မဲဆွယ်လှုပ်ရှားမှုများကို ဩဂုတ် ၁၁ ရက်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# အင်ဒိုနီးရှားနိုင်ငံ၌ ခရီးသည်ရေယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွား ၁၅ ဦးသေဆုံး

**ဂျကာတာ ဇူလိုင် ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းကမ်းလွန်ရေပြင်၌ ခရီးသည်များအားတင်ဆောင်နိုင်သည့်အရေအတွက်ထက် ပို၍တင်ဆောင်ထားသော ရေယာဉ်တစ်စီး ဇူလိုင် ၂၃ ရက်က တိမ်းမှောက်ခဲ့ရာ လူပေါင်း ၁၅ ဦး သေဆုံးခဲ့ရသည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် ဆူလာဝေစီပြည်နယ် အရှေ့တောင်ပိုင်း ခရိုင်တစ်ခုရှိ ကျေးရွာတစ်ရွာမှ အခြားကျေးရွာတစ်ရွာသို့မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေယာဉ်တိမ်းမှောက်ပြီးနောက် ခရီးသည် ၃၃ ဦး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း ဆူလာဝေစီပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။



အဆိုပါရေယာဉ်သည် ခရီးသည် ဦးရေ ၂၀ သာ တင်ဆောင်နိုင်သော်လည်း တိမ်းမှောက်မှုဖြစ်ပွားချိန်တွင် ခရီးသည်ဦးရေ ၅၀ ကျော်ထိ တင်ဆောင်ထားဖွယ်ရှိကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုဒေသဖြစ်ပြီး သွားလာရေးအတွက် ရေကြောင်းခရီးအသုံးများမှုကြောင့် ရေယာဉ်မတော်တဆမှုများလည်းမကြာခဏဖြစ်ပွားတတ်သည်။

၂၀၁၈ ခုနှစ်ကလည်း မြောက်ဆူမတြားပြည်နယ် ရေအိုင်တစ်ခု၌ ခရီးသည်များမတန်တဆတင်ဆောင်ထားသည့် ကူးတို့သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ရာ လူပေါင်း ၁၆၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို ဇူလိုင် ၂၃ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုလ တစ်လတည်းမှာပင် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင် ငါးခုထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၄၈၅၀ ကျော် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ခုခံအားစနစ်တုံ့ပြန်မှုကြောင့် ရောင်ရမ်းမှုက Dementia ဖြစ်နိုင်ခြေနှင့်ဆက်စပ်နေနိုင်

**လန်ဒန် ဇူလိုင် ၂၄**

လူ့ခုခံအားစနစ်တုံ့ပြန်လှုပ်ရှားမှုပုံစံတစ်မျိုးဖြစ်သော ရောင်ရမ်းမှုပြဿနာသည် အသက်ရလာချိန်၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်နိုင်ခြေနှင့် ဆက်စပ်မှုရှိနေနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ခုခံအားစနစ်တုံ့ပြန်မှုကြောင့် ရောင်ရမ်းမှုအဆင့်မြင့်မားရခြင်းသည် နောက်သုံးနှစ်မှ ၁၀ နှစ်အတွင်း Dementia ဖြစ်နိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံမန်ချက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ခုခံအားစနစ်တုံ့ပြန်မှုကြောင့် ရောင်ရမ်းမှုအဆင့်မြင့်မားမှုသည် Dementia ဖြစ်နိုင်ခြေမြင့်မားသူများကို ဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်သည့် ဇီဝအမှတ်လက္ခဏာတစ်မျိုး ဖြစ်နိုင်ကြောင်းလည်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ခုခံအားစနစ်တုံ့ပြန်မှုကြောင့် ရောင်ရမ်းမှုသည် ကူးစက်ရောဂါဝင်ချိန်၊ ထိခိုက်ဒဏ်ရာရချိန်၊ ခွဲစိတ်ကုသမှုများခံယူရချိန်၊ ကိုယ်တွင်းအင်္ဂါများသို့ သွေးဝင်ရောက်မှုကျဆင်းသွားချိန်တို့တွင် ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူဦးရေ ၅၀၀၀၀၀ တို့၏ဇီဝအချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရောင်ရမ်းမှုအဆင့် ပုံမှန်ထက်များနေမှုသည် နောင် ၁၀ နှစ်အတွင်း Dementia နှင့်ဆက်စပ်မှုရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

KKO

## အသိဉာဏ်တုနည်းပညာသုံး ရာဇဝတ်မှုကြိုတင်ကာကွယ်ရေး AI ကင်မရာကွန်ရက်စနစ်ကို ဂျပန်စမ်းသပ်မည်

**တိုကျို ဇူလိုင် ၂၄**

အသိဉာဏ်တု နည်းပညာဆော့ဖ်ဝဲလ်တစ်မျိုး ထည့်သွင်းထားသည့် ရာဇဝတ်မှုကြိုတင်ကာကွယ်ရေး AI ကင်မရာကွန်ရက်စနစ်ကို ဂျပန်အမျိုးသားရဲတပ်ဖွဲ့က မကြာမီကာလအတွင်း စတင်စမ်းသပ်မည်ဖြစ်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ကင်မရာစနစ်သည် မသင်္ကာဖွယ်အပြုအမူများကို AI နည်းပညာဖြင့် ထောက်လှမ်းဖော်ထုတ်ပေးခြင်းဖြင့် ရာဇဝတ်မှုများမဖြစ်ပွားမီ ကြိုတင်တားဆီးပေးနိုင်ဖွယ်ရှိကြောင်း ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရာဇဝတ်မှုတားဆီးရေးကင်မရာကွန်ရက်စနစ်၏ AI ဆော့ဖ်ဝဲလ်သည် သံသယဖြစ်ဖွယ်အပြုအမူများ၊ လက်နက်နှင့် အခြားလက်နက်များ၊ ကန့်သတ်နယ်မြေကျူးကျော်မှုများကို ထောက်လှမ်းပေးနိုင်ကြောင်း သိရသည်။




အဆိုပါ ကင်မရာကွန်ရက်စနစ်ကို ယခုဘဏ္ဍာနှစ်အတွင်း စတင်စမ်းသပ်ရန် ဂျပန်ရဲတပ်ဖွဲ့က စီစဉ်ထားသည်။

ဂျပန်ရဲတပ်ဖွဲ့၏ ရာဇဝတ်မှုကြိုတင်တားဆီးရေးကင်မရာစနစ်တွင် AI နည်းပညာပုံစံတစ်မျိုးဖြစ်သော မျက်နှာဖတ်ရှုမှတ်သားမှုနည်းပညာကို ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

မိမိတို့၏ ကင်မရာစနစ်တွင် အသုံးပြုထားသော AI ဆော့ဖ်ဝဲလ်များသည် မသင်္ကာဖွယ်အပြုအမူများနှင့် သံသယဖြစ်ဖွယ်အရာဝတ္ထုများကို ဖော်ထုတ်ပေးနိုင်သော AI နည်းပညာအပေါ် အခြေတည်ထားကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

KKO

## မျိုးဗီဇအပြောင်းအလဲပုံစံတစ်မျိုးက ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၄**

မျိုးဗီဇအပြောင်းအလဲ ပုံစံတစ်မျိုးသည် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသူအများစုတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများပေါ်လာတတ်သော်လည်း ငါးပုံတစ်ပုံခန့်တွင်မူ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ထွက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ကိုဗစ်-၁၉ ရောဂါလက္ခဏာ မပေါ်သူလူနာများသည် လက္ခဏာပေါ်သူလူနာများထက် မျိုးဗီဇအပြောင်းအလဲတစ်မျိုးရှိနိုင်ခြေ နှစ်ဆပိုများကြောင်း သိရသည်။

HLA-B အမည်ရှိ မျိုးဗီဇအပြောင်းအလဲပုံစံသည် ကိုဗစ်-၁၉ ရောဂါကို တားဆီးထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

မိမိတို့၏ အထက်ပါလေ့လာတွေ့ရှိချက်သည် အနာဂတ်တွင် ထုတ်လုပ်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ ထိရောက်မှုကို မြှင့်တင်ရာတွင် အကူအညီပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ရောဂါလူနာဦးရေ ၁၄၀၀ တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO



## တရုတ်အမျိုးသားအာကာသအေဂျင်စီက ဂြိုဟ်တုလေးစင်းကို ကြိုတင်သတ်မှတ်ထားသည့်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့

**ပေကျင်း ဇူလိုင် ၂၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇူလိုင် ၂၃ ရက်က ဂြိုဟ်တုလေးစင်းကို ကြိုတင်သတ်မှတ်ထားသည့်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုများကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံကို ရှန်ရှီးပြည်နယ် တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုလေးစင်းအနက် သုံးစင်းမှာ မြေကမ္ဘာစူးစမ်းလေ့လာရေးဂြိုဟ်တုများဖြစ်ကြပြီး ကျန်တစ်စင်းမှာ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၄၃၉ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင် ၆၀ ထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# မြန်မာအမျိုးသမီးလိဂ်ပွဲစဉ်(၄)တွင် မြဝတီအသင်းက ISPE အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာအမျိုးသမီးလိဂ်ပွဲစဉ်(၄) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် မြဝတီအသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြဝတီအသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ISPE အသင်းကို ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်တွင် စန်းသော်သော်နှင့် ပွဲချိန် ၃၄ မိနစ် တွင် ဖြူဖြူဝင်းတို့က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် မြဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ISPE အသင်းက ပြန်လည်တိုက်စစ်မြှင့် ဖိအားပေးလာမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး မြဝတီအသင်း အခက်တွေ့ခဲ့ကာ ပွဲချိန် ၆၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဆုပြည့်ပြည့်ကျော်က ISPE အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြဝတီအသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သည့် အသင်းခေါင်းဆောင် အေးအေးမိုးကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# နိုင်ငံတကာ အားကစားသတင်းများ

## လာဇီယိုအသင်းက အိုဒ္ဒိုင်းကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၂၄**

လာဇီယိုအသင်းနည်းပြ ဆာရီသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ၎င်းနှင့်လက်တွဲခဲ့သည့်တောင်ပံကစားသမား အိုဒ္ဒိုင်းကိုခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ပံကစားသမား အိုဒ္ဒိုင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ကလပ် လေဗာကူဆင်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ အသင်းတွင် ပုံစံကောင်းပြသရန်ရုန်းကန်ခဲ့ရပြီးနောက် ချဲလ်ဆီးအသင်းသို့ ပြန်လည်ရောက်ရှိချိန်တွင် နည်းပြ ပိုချက်တီနိုက အိုဒ္ဒိုင်းကိုပွဲထွက်ခွင့်အာမခံချက်မပေးနိုင်သောကြောင့် ကစားသမားနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် လာဇီယိုအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ကလပ်အသင်းနှစ်ခုကြား သဘောတူညီချက်တွင် ကစားသမားအနေဖြင့် ကနဦးအငှားစာချုပ်ဖြင့်သာ ပြောင်းရွှေ့မည်ဖြစ်ပြီး စာချုပ်ကုန်ဆုံးမှသာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁ ဒသမ ၂ သန်းဖြင့် အပြီးသတ်ဝယ်ယူမည်ဖြစ်သည်။

နည်းပြဆာရီသည် အစောပိုင်းက ဆက်ဆူအိုလိုအသင်း တောင်ပံကစားသမား ဘာရာဒီကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် ၎င်းနှင့်လက်တွဲခဲ့ဖူးသည့် အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမား အိုဒ္ဒိုင်းကိုသာခေါ်ယူရန်စီစဉ်ခဲ့ပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် ဆွေးနွေးမှုများထပ်မံပြုလုပ်လျက်ရှိသည်။

အိုဒ္ဒိုင်းသည် ချဲလ်ဆီးအသင်းလူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်က စီနီယာအသင်းကြီးသို့ရောက်ရှိခဲ့ကာ ပြိုင်ပွဲစုံ ၁၂၆ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၆ ဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းသို့အငှားသွားရောက်ကစားခဲ့ရကြောင်း သိရသည်။

ML



## တိုက်စစ်မှူး ဂျီမီနက်ဇ်ကို စတာလင်ပေါင် ငါးသန်းဖြင့်ခေါ်ယူရန် ဖူလ်ဟမ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၂၄**

ဖူလ်ဟမ်အသင်းသည် အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး မီထရိုဗစ်နေရာတွင် အစားထိုးရန်အတွက် ဝုဗ်အသင်းတိုက်စစ်မှူး ဂျီမီနက်ဇ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ငါးသန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဖူလ်ဟမ်အသင်းသည် တိုက်စစ်မှူးဂျီမီနက်ဇ်နှင့် ပုဂ္ဂိုလ်ရေး သဘောတူညီချက်ရယူထားပြီး လာမည့်ရက်သတ္တပတ်အတွင်း ဆေးစစ်မှုခံယူမည်ဖြစ်ကာ ဆေးအောင်ပါက တရားဝင်စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

အသက် ၃၂ နှစ်ရှိ ဂျီမီနက်ဇ်သည် ၂၀၁၉ ခုနှစ်က ဝုဗ်အသင်းသို့ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့သော်လည်း ၎င်းသည် ၂၀၂၀ပြည့်နှစ်က အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ဦးခေါင်းဒဏ်ရာ ရရှိခဲ့ပြီးနောက်ပိုင်းတွင် ပုံစံကောင်း ပျောက်ဆုံးခဲ့သဖြင့် ပွဲကစားချိန်လျော့နည်းခဲ့သည့်အပြင် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အမှတ်ပေးပြိုင်ပွဲတွင် ရှစ်ပွဲသာပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အရန်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသည်။

ဖူလ်ဟမ်အသင်းက တိုက်စစ်မှူး မီထရိုဗစ်ကို ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းသို့ ရောင်းချရန် သဘောတူညီမှုရရှိထားသဖြင့် တိုက်စစ်ပိုင်းပြန်လည်ဖြည့်တင်းရန်အတွက် ဝုဗ်အသင်းက ရောင်းချရန်ပြင်ဆင်နေသည့် ဂျီမီနက်ဇ်ကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး နည်းပြမားကိုစ်ဆေးဗားက ယခုအပြောင်းအရွှေ့ကာလအတွက် ပထမဆုံး ကစားသမားခေါ်ယူမှုဖြစ်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ML

## ပေါ်ဟင်ဟာကိုခေါ်ယူရန် ဝက်စ်ဟမ်းအသင်း၏ ဒုတိယအကြိမ် ကမ်းလှမ်းမှုကို ဖူလ်ဟမ်အသင်းငြင်းဆို

**လန်ဒန် ဇူလိုင် ၂၄**

ကွင်းလယ်ကစားသမားပေါ်ဟင်ဟာကို ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူရန် ဒုတိယအကြိမ် ထပ်မံကမ်းလှမ်းခဲ့ရာ ဖူလ်ဟမ်အသင်းကငြင်းဆိုခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အာဆင်နယ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ထပ်မံကမ်းလှမ်းခဲ့ရာ ငြင်းဆိုခံခဲ့ရပြီး ကစားသမားအတွက် စတာလင်ပေါင်သန်း ၆၀ အလိုရှိနေကြောင်း သိရသည်။

ပေါ်ဟင်ဟာသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပို့တင်းလစ္စဘွန်းအသင်းမှ ဖူလ်ဟမ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ပွဲ ၄၀ ပါဝင်ခဲ့ရာ အသင်းအတွက် သွင်းဂိုးလေးဂိုးထိသွင်းယူနိုင်ခဲ့ကာ အဓိကကျသည့်ဘောလုံးဖြတ်ထုတ်မှုပေါင်း ၄၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်းနည်းပြ မိုယက်စ်က ဒီကလန်ရိုက်၏နေရာတွင်အစားထိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။




လက်ရှိတွင် ဝက်စ်ဟမ်းအသင်းနည်းပြ မိုယက်စ်က ကွင်းလယ်ခံစစ်ပိုင်းတွင် ဆူစက်နှင့်ဒေါင်းနက်တို့ကို တွဲဖက်အသုံးပြုရန် စီစဉ်ထားပြီး ပေါ်ဟင်ဟာကို မခေါ်ယူနိုင်ခဲ့ပါက မိုနာကိုအသင်းကစားသမားဖိုဖန်နာ၊ မန်စီးတီးအသင်း ကစားသမား ကယ်ဗင်ဖီးလစ်၊ အဲဗာတန်အသင်းကစားသမား အာမာဒူအိုနာနာ၊ ဂျူဗင်တပ်ကစားသမား ဇာကာရီးယားတို့ကိုခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ


- ချဲလ်ဆီး၊ မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့က ပဲလေ့စ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် အိုလစ်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်ကစားသမား ဆာဘစ်ဇာကို ခေါ်ယူနိုင်ခဲ့ကြောင်း ဒေါ့မွန်အသင်းက ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းက ဂိုးသမား ဟန်ဒါဆန်နှင့် တွန်ဟီတန်တို့ အသင်းမှ ထွက်ခွာမည်ဖြစ်သည့်အတွက် ဒုတိယဦးစားပေး ဂိုးသမားအဖြစ်အသုံးပြုရန် ဖီနာဘာချီအသင်းဂိုးသမား ဘာရင်ဒီယာကို စတာလင်ပေါင် ငါးသန်းဖြင့်ကမ်းလှမ်းခဲ့သည်။
- ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲစဉ်တွင် ဘရာဇီးက ပနားမားကို လေးဂိုး ဂိုးမရှိ၊ ဂျာမနီက မော်ရိုကိုကို ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။




ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၅ မိနစ်တွင် မက်စီကီက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုပိုမိုရရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် ဇယ်လိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန်မိနစ် ၉၀ တွင် အောင်မြတ်သူက ဟံသာဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မက်စီကီက ရရှိခဲ့သည်။

အလားတူ ညနေ ၄နာရီက သုဝဏ္ဏအားကစားကွင်းတွင် ကစားခဲ့သည့် မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန် ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် သက်ပိုင်ကို၊ ပွဲချိန် ၅၉ မိနစ်တွင် ဟိန်းဇေယျာမင်းနှင့် ပွဲချိန် ၇၄ မိနစ်တွင် မင်းကိုသူတို့က သွင်းယူနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်၂၅ မိနစ်နှင့်၅၄ မိနစ်တွင် ဒေးဗစ်ထန်းကသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို မြဝတီအက်ဖ်စီအသင်းမှ သက်ဝေမိုးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Swiss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပက်ဒရိုကာချင် ဆွတ်ခူး

**ဂျီစတက် ဇူလိုင် ၂၄**

ဆွစ်ဇာလန်နိုင်ငံ ဂျီစတက်မြို့တွင် ကျင်းပခဲ့သည့် Swiss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား ပက်ဒရိုကာချင်နှင့် စပိန်တင်းနစ်ကစားသမား ရာမို့စ်ဗီနိုလက်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပက်ဒရိုကာချင်က (၃-၆၊ ၆-၀၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ဒရိုကာချင်သည် ဒုတိယအဆင့်တွင် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် စပိန်တင်းနစ်ကစားသမား ဘောက်တစ္စတာကို အနိုင်ယူနိုင်ခဲ့ပြီးနောက်ပိုင်း လက်စွမ်းပိုင်းသိသိသာသာ တိုးတက်လာခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ထိ အကောင်းဆုံးပုံစံကို ထိန်းသိမ်းလာနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်တွင် ပထမပွဲငယ်၌ ရာမို့စ်ဗီနိုလက်စ်ကိုဖြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ၎င်း၏အမှားများကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့၍ ပြန်လည်အနိုင်ရခဲ့ပြီး ချန်ပီယံ အဆုံးအဖြတ်ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ tie-break ထိ ကစားခဲ့ရပြီးမှ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည်။

ပက်ဒရိုကာချင်က "ကျွန်တော့်အနေနဲ့ မိသားစုကိုအမြဲတမ်းအချိန်ပေးဖြစ်ပါတယ်။ အခုက ပြိုင်ပွဲဝင်နေတာဖြစ်တဲ့အတွက် ပြည်ပကို ထွက်ခွာလာရတဲ့အချိန် မိသားစုဝင်တွေသွားချင်နေတဲ့ ပြည်ပအပန်းဖြေခရီးကိုလဲ စီစဉ်ဖြစ်ခဲ့ပါတယ်။ မိသားစုတွေသွားချင်နေတဲ့ ပြည်ပအပန်းဖြေခရီးကို လိုက်ပို့ပေးနိုင်တဲ့အပြင် ကစားသမားဘဝရဲ့ ပထမဦးဆုံးချန်ပီယံဆုဖလားကိုလဲ ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ကစားသမား ဟားမန်း ဆွတ်ခူး



**လန်ဒန် ဇူလိုင် ၂၄**

အင်္ဂလန်နိုင်ငံ မာဆေးဆိုက်ဒ်ဝီရယ်လ်ဒေသတွင် ကျင်းပခဲ့သည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Herald Scotland သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်း၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဂျက်ဆင်ဒေး၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်နှင့် ဩစတြီးယားဂေါက်သီးရိုက်ကစားသမား စထရာကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

နောက်ဆုံးနေ့ထိအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သော်လည်း ဟားမန်းက အကောင်းဆုံးပုံစံကို ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် နောက်ဆုံးနေ့အပြီးတွင် ဒုတိယနေရာမှပြိုင်ပွဲဝင်များကို လျော့ရိုက်ချက်ခြောက်ချက်ထိဖြတ်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဟားမန်းက "ဂေါက်သီးရိုက်လောကအတွက် အရေးပါတဲ့ ဆုဖလားတစ်လုံးကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ဆုံးနေ့ထိ ပုံစံကောင်းကိုထိန်းသိမ်းနိုင်ခဲ့ပေမဲ့လဲ ချန်ပီယံဆုကိုမမျှော်လင့်ရဲခဲ့ဘူး။ ဒါပေမဲ့လဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မဲ့ အကောင်းဆုံးအခွင့်အရေးတွေကို ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့် ပွဲအပေါ်မှာသေချာအာရုံစိုက် ကစားဖြစ်ခဲ့ပါတယ်။ တကယ့်ကို ခက်ခဲတဲ့အချိန်ကာလတွေကို ကျော်ဖြတ်ပြီးတဲ့အချိန် အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့လို့ ပျော်ရွှင်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကွင်းဝမ်ကျန်း ဆွတ်ခူး

**ပါလာမို ဇူလိုင် ၂၄**

အီတလီနိုင်ငံ ပါလာမိုမြို့တွင် ကျင်းပခဲ့သည့် Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် တရုတ်တင်းနစ်မယ် ကွင်းဝမ်ကျန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းဝမ်ကျန်းက (၆-၄၊ ၁-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်အရွယ် ကွင်းဝမ်ကျန်းအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဗိုလ်လုပွဲစဉ်သို့ ဒုတိယအကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး WTA တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ၁၁ ဦးမြောက် တရုတ်တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီအတွင်း WTA တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သော ဒုတိယမြောက် တရုတ်တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ကွင်းဝမ်ကျန်းက "ကျွန်မရဲ့ တင်းနစ်ကစားသမား ဘဝမှာ ပါလာမိုနဲ့ပတ်သက်ပြီး အမှတ်တရကောင်းတွေ အများကြီးရှိပါတယ်။ ကစားသမားဘဝ သက်တမ်းတစ်လျှောက် WTA တင်းနစ်ပြိုင်ပွဲမှာ ပထမဦးဆုံးနိုင်ပွဲရရှိခဲ့တာလဲ ပါလာမိုမှာဖြစ်သလို ပထမဦးဆုံး WTA တင်းနစ်ပြိုင်ပွဲဆုဖလားကိုလဲ ပါလာမိုမှာပဲရရှိခဲ့တာဖြစ်ပါတယ်။ အီတလီမြေနဲ့ပတ်သက်ပြီး ကျွန်မဘဝမှာ မေ့လို့မရတဲ့တခြားအမှတ်တရကောင်းတွေလဲရှိပါတယ်။ အားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# အမ်ဘက်ပီကို ဆော်ဒီကလပ်အသင်းနှင့်အပြိုင် မန်ယူအသင်းက ခေါ်ယူရန်ကြိုးပမ်းနေ

**မန်ချက်စတာ ဇူလိုင် ၂၄**

မန်ယူအသင်းက ပီအက်စ်ဂျီအသင်းက အရောင်းစာရင်းတင်သွင်းထားသည့် တိုက်စစ်မှူး အမ်ဘက်ပီကို ဆော်ဒီထိပ်တန်းကလပ် အယ်ဟိုင်လာအသင်းနှင့်အပြိုင်ခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘက်ပီသည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုထားသည့်အတွက် ပီအက်စ်ဂျီအသင်းက အသင်းနှင့်ခြေစမ်းပွဲခရီးစဉ်လိုက်ပါခွင့်ကိုပိတ်ပင်ခဲ့ရာ လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

ဆော်ဒီထိပ်တန်းကလပ် အယ်ဟိုင်လာအသင်းက အမ်ဘက်ပီကို စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၃၀၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း တရားဝင်ကမ်းလှမ်းမှုမရှိသေးသည့်အတွက် မန်ယူအသင်းကလည်း ကြားဖြတ်ကမ်းလှမ်းရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းတိုက်စစ်ပိုင်းမှ ပြီးခဲ့သည့်ဘောလုံးရာသီက စီရော်နယ်ဒိုထွက်ခွာခဲ့ပြီးနောက်ပိုင်းက ကစားသမားအင်အားဖြည့်တင်းမှုမပြုလုပ်သေးဘဲ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းမှ မေဆင်မောင့်တစ်ဦးတည်းသာ ခေါ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘောဒီးယားနိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်နေသော လူမှုကွန်ရက်မီဒီယာ

မောင်စိန်အိ(နဘဲမြေ)




ကမ္ဘောဒီးယားပြည်သူများသည် ၂၀၀၀ ပြည့်လွန်နှောင်းပိုင်းကာလများတွင် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာနှင့် စတင်ရင်းနှီးလာခဲ့သည်။ ထိုစဉ်က ပြည်သူများသည် သူငယ်ချင်းမိတ်ဆွေများနှင့်ဆက်သွယ်ဆောင်ရွက်ရေးရည်ရွယ်ချက်သက်သက်ဖြင့်သာ လူမှုကွန်ရက်ကိုအသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၃ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစ၍ ကမ္ဘောဒီးယားသည် နိုင်ငံရေးနယ်ပယ်တွင် ဖေ့စ်ဘွတ်ကို စတင်အသုံးပြုလာခဲ့သည်။

ဖေ့စ်ဘွတ်သည် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားအတိုက်အခံပါတီကို လွှတ်တော်အမတ် ၅၅ နေရာရရှိစေရန်အတွက် အဓိကဆက်သွယ်မှုလက်သုံးကိရိယာဖြစ်လာခဲ့သည်။ ထို့ပြင် အတိုက်အခံများသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း လူထုဆန္ဒထုတ်ဖော်ပွဲဖြစ်လာစေရေး လူထုကိုစည်းရုံးရာတွင်လည်း ဖေ့စ်ဘွတ်ကို အသုံးပြုခဲ့သည်။ ဆန္ဒထုတ်ဖော်မှုများသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် အကြမ်းဖက်မှုပုံစံပြောင်းလဲလာသဖြင့် နောက်ပိုင်းတွင် အစိုးရက ဖြိုခွင်းနှိမ်နင်းခဲ့ရသည်။

အတိုက်အခံများအတွက်မူ ဆူပူဆန္ဒထုတ်ဖော်မှုများဖြစ်ပေါ်လာခြင်းသည် ဝန်ကြီးချုပ်ဟွန်ဆမ်ကို ဖြုတ်ချပြီး အာဏာရရှိရန် အခွင့်အလမ်းနီးစပ်လာခဲ့သည်။ အာဏာရပြည်သူ့ပါတီ (CPP)အတွက်မူ အဆိုပါဆန္ဒထုတ်ဖော်မှုများသည် နိုင်ငံကိုပြည်တွင်းစစ်ဖြစ်ပွားရန် တွန်းပို့နေခြင်းဖြစ်သည်ဟု ရှုမြင်ထားသည်။ နောက်ဆုံးတွင် CPP သည် ရောင်စုံတော်လှန်ရေးဖြစ်ပေါ်လာမည့်အန္တရာယ်ကို ရိပ်စားလာမိခဲ့သည်။ သို့သော်လက်ရှိအချိန်ထိ ကမ္ဘောဒီးယားနိုင်ငံတွင် ရောင်စုံတော်လှန်ရေးအယူအဆသဘောတရားကို မသိရှိကြသေးပေ။

အဆိုပါကာလအတွင်း ကမ္ဘာတစ်ဝန်း၌ အလားတူနိုင်ငံရေးဆိုင်ရာဖြစ်စဉ်များကို တွေ့ရှိခဲ့ရသည်။ သာဓကအနေဖြင့် ၂၀၁၁ ခုနှစ်နှင့်၂၀၁၂ ခုနှစ်တို့တွင် တူနီးရှား၊ အီဂျစ်၊ ဆီးရီးယားနှင့်ယီမင်နိုင်ငံတို့ကဲ့သို့သောနိုင်ငံများတွင် အာရပ်တော်လှန်ရေးဖြစ်ပေါ်ခဲ့သည်။ ရောင်စုံတော်လှန်ရေးတွင် ဖေ့စ်ဘွတ်လူမှုကွန်ရက်သာ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

အာရပ်တော်လှန်ရေး၏ အကျိုးရလဒ်သည် ဝမ်းနည်းဖွယ်ရာဖြစ်စဉ်များနှင့် မပြီးဆုံးနိုင်သောပဋိပက္ခများကိုသာဖြစ်ပေါ်စေခဲ့သည်။ ဒီမိုကရေစီလိုလားသူများ၏ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများသည် လစ်ဗျား၊ ဆီးရီးယားနှင့်ယီမင်နိုင်ငံတို့တွင် ပြည်တွင်းစစ်အသွင် ပြောင်းလဲလာခဲ့ပြီး ပြည်သူသန်းပေါင်းများစွာ အိမ်ခြေယာမဲ့နှင့်သေဆုံးမှုများဖြစ်ပေါ်စေခဲ့သည်။ တူနီးရှားနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုဆိတ်သုဉ်းသွားခဲ့သည်။ တူနီးရှားနိုင်ငံသည် လွန်ခဲ့သော ၁၂ နှစ်အတွင်း အစိုးရအဖွဲ့ ၁၂ ဖွဲ့ပြောင်းလဲခဲ့ပြီးဖြစ်သည်။ အာရပ်တော်လှန်ရေးဖြစ်ပေါ်ပြီး ၁၀ နှစ်ကျော်ကြာသည့်တိုင်အောင် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်သောတိုင်းပြည်များသည် မည်သည့်အတွက်ကြောင့် အောင်မြင်မှုမရရှိသေးသလဲဆိုသော မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဆူပူဆန္ဒထုတ်ဖော်မှုသည် CPP ကို ပြည်သူလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှု မဟာဗျူဟာချမှတ်ဆောင်ရွက်ရေးအတွက် သင်ခန်းစာကြီးမားစွာ ပေးအပ်ခဲ့သည်။ CPP က ဖေ့စ်ဘွတ်သည် အတိုက်အခံများအတွက် စည်းရုံးရေးလက်နက်အဖြစ် ယုံကြည်ယူဆပြီး လူမှုကွန်ရက်စာမျက်နှာကို ကာလအတန်ကြာ လျစ်လျူရှုခဲ့သည်။ CPP သည် နိုင်ငံရေးတွင် ဖေ့စ်ဘွတ်သုံးစွဲရာ၌ နောက်ကျခဲ့သည်။ ဝန်ကြီးချုပ်ဟွန်ဆမ်အနေဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဖေ့စ်ဘွတ်အကောင့် တရားဝင်စတင်ဖွင့်လှစ်အသုံးပြုသည့်အချိန်မှသာ CPP သည် လူမှုကွန်ရက်စာမျက်နှာကို နိုင်ငံရေးရည်မှန်းချက်အတွက် အသုံးပြုလာခဲ့သည်။

ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲကာလတွင် အရှိန်အဟုန်မြင့်တက်လာခဲ့သည်။ CPP ထောက်ခံသူများသည် ဖေ့စ်ဘွတ်စာမျက်နှာတွင် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများကို ပိုမိုတက်ကြွစွာလုပ်ဆောင်လာခဲ့သည်။ ထို့ကြောင့် အတိုက်အခံများသည် ဖေ့စ်ဘွတ်တွင် လွှမ်းမိုးထိန်းချုပ်ထားနိုင်မှု အနေအထားဆုံးရှုံးသွားခဲ့သည်။

ယေဘုယျအားဖြင့် ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖြစ်ပွားနေသော နိုင်ငံရေးတိုက်ပွဲသည် ကြောက်မက်ဖွယ်ရာကောင်းကြောင်းကို ခမာစာဖတ်နိုင်သူအားလုံးသိရှိသဘောပေါက်နိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရသည် အာဏာရှင်ဖြစ်သော်လည်း အတိုက်အခံများက အကြမ်းဖက်မှုနှင့်အစွန်းရောက်ဝါဒများ ပါဝင်သည့် နိုင်ငံရေးဆိုင်ရာ ဝါဒဖြန့်ဝေနေမှုကိုစိစစ်နိုင်ခြင်းမရှိကြောင်း မီဒီယာများက ယုံကြည်ထားသည်။ အတိုက်အခံများသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသောမီဒီယာများ မရိပ်မိစေရန် ခမာဘာသာစကားဖြင့်သာ နိုင်ငံရေးဝါဒများ ဖြန့်ဝေလျက်ရှိသည်။

အတိုက်အခံများသည် ၁၉၉၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပထမဆုံးရွေးကောက်ပွဲကတည်းက အလားတူနိုင်ငံရေးယဉ်ကျေးမှုကို အသုံးချခဲ့သည်။ ဆိုလိုသည်မှာ အတိုက်အခံများသည် မဲဆန္ဒရှင်များကြား လူတန်းစားခွဲခြားမှုများ၊ အာဏာဖီဆန်မှုများ၊ ဗီယက်နမ်နှင့်တရုတ် ဆန့်ကျင်ရေးစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် အစိုးရအပေါ် ယုံကြည်မှုလျော့ကျလာစေရန် လှုံ့ဆော်သွေးထိုးခဲ့ကြသည်။ အထူးသဖြင့် အတိုက်အခံများသည် ပြည်သူများကြား အမုန်းစကားများ ပြောကြားကာ သွေးခွဲလျက်ရှိသည်ဟုဆိုသည်။

၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ရွေးကောက်ပွဲပြုလုပ်ရန် နီးကပ်လာချိန်တွင် ဖေ့စ်ဘွတ်သည် ကမ္ဘောဒီးယားနိုင်ငံရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လာခဲ့သည်။ ဇွန်လနှောင်းပိုင်းတွင် ဖေ့စ်ဘွတ်သည် ဝန်ကြီးချုပ်ဟွန်ဆမ်၏ အကောင့်ကို အကြမ်းဖက်စာသားများ အသုံးပြုခဲ့သည်ဟုဆိုကာ ခေတ္တရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ဟွန်ဆမ်သည် ထောက်ခံသူ ၁၄ သန်းရှိသော ၎င်း၏ ဖေ့စ်ဘွတ်အကောင့်ကိုဖျက်သိမ်းခဲ့သည်။ ထို့ပြင်အစိုးရသည် ဖေ့စ်ဘွတ်ကိုယ်စားလှယ်အဖွဲ့ကိုတိုင်းပြည်အတွင်းမှ နှင်ထုတ်ခဲ့သည့်အပြင် ဖေ့စ်ဘွတ်နှင့်လုပ်ဆောင်နေသော လှုပ်ရှားမှုအားလုံးကိုလည်း ရပ်ဆိုင်းခဲ့သည်။

အစိုးရအနေဖြင့် ကမ္ဘောဒီးယားပြည်သူများအပေါ် ဖေ့စ်ဘွတ်၏မရိုးသားသော လုပ်ရပ်များကို တွေ့ရှိခဲ့ကြောင်း၊ အကောင့်အတုများပြုလုပ်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခြင်း၊ သတင်းတု၊ သတင်းမှားများဖြန့်ဝေခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တိုင်းပြည်၏ နိုင်ငံရေးရာများတွင် ဝင်ရောက်စွက်ဖက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖေ့စ်ဘွတ်ကုမ္ပဏီသည် ဝန်ကြီးချုပ်ဟွန်ဆမ်၏ မိန့်ခွန်းကို ပြည်သူများထံမရောက်ရှိစေရန် ဆင်ဆာဖြတ်တောက်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ပုဂ္ဂလိကကုမ္ပဏီတစ်ခုက အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘောဒီးယားခေါင်းဆောင်များနှင့် အစိုးရအပေါ် ယုံကြည်မှုပျောက်ဆုံးသွားခဲ့သည်။

ဖေ့စ်ဘွတ်အနေဖြင့်လည်း မသမာသောရည်ရွယ်ချက်ဖြင့် ဖြန့်ဝေသောသတင်းများကို ထိန်းချုပ်နိုင်စွမ်းမရှိပေ။ အထူးသဖြင့် သတင်းတု၊ သတင်းမှားများ တက်လာသည့်အချိန်တွင် ဆင်ဆာပြုလုပ်နိုင်စွမ်းမရှိပေ။ သတင်းတုနှင့် သတင်းမှားများကို ထောက်ခံမှုနှင့် မျှဝေမှုများလုပ်ဆောင်ခြင်းသည် ဖေ့စ်ဘွတ်အသုံးပြုသူများကို စိတ်ဓာတ်နိုးကြွစေပြီး အစွန်းရောက်ဝါဒနှင့်လူမျိုးရေးဝါဒ ကြီးထွားလာစေမည်ဖြစ်သည်။

အစိုးရ၏ရှုထောင့်ကကြည့်မည်ဆိုလျှင် အာဏာပိုင်များအနေဖြင့် ဘုရင်ကိုစော်ကားပုတ်ခတ်သူများ၊ ပြည်သူလူထု၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်သဘောထားမှတ်ချက်ရေးသားမှုများ၊ အိမ်နီးချင်းနိုင်ငံသို့ တိုင်းပြည်နယ်မြေများ လက်လွှတ်ဆုံးရှုံးနေသည်ဆိုသော မြေပုံအတုဖြန့်ဝေသူများကို အရေးယူနိုင်စွမ်းမရှိခြင်းသည် ကြီးမားသောပြဿနာပင်ဖြစ်သည်။ စင်စစ်အားဖြင့် ဖေ့စ်ဘွတ်နှင့်အခြားသောလူမှုကွန်ရက်များသည် တိုင်းပြည်၏လုံခြုံရေးနှင့် ပြည်သူလူထု တရားဥပဒေစိုးမိုးမှုအတွက် အခြေခံအားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိကြပေ။

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်နှင့် လူမှုကွန်ရက်မီဒီယာထွန်းကားရေးတို့နှင့် တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူများကြား ငြိမ်ဝပ်ပိပြားမှုရှိရေးတို့ကြား ဟန်ချက်ထိန်းညှိနိုင်ရန်အခက်အခဲသည် ကမ္ဘောဒီးယားတစ်နိုင်ငံတည်းသာ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာတော့မဟုတ်ပေ။ ပြင်သစ်နိုင်ငံတွင်လည်း ဖေ့စ်ဘွတ်ကို ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်စေရန်အထောက်အကူဖြစ်သည့် လက်သုံးကိရိယာအဖြစ် သဘောထားလျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းက ပြင်သစ်နိုင်ငံ၌ဖြစ်ပွားခဲ့သောဆူပူအကြမ်းဖက်မှုများတွင်လည်း လူမှုကွန်ရက်မီဒီယာများက မီးလောင်ရာလေပင့်ပြုလုပ်ခဲ့ကြောင်း ပြင်သစ်သမ္မတအင်မြူရယ်မက်ခရွန်က ပြစ်တင်ပြောကြားခဲ့သည်။

ဖေ့စ်ဘွတ်အနေဖြင့် တရားဥပဒေစိုးမိုးမှုအတွက် အစိုးရကို အထောက်အကူပြုနိုင်စွမ်းမရှိလျှင် အစိုးရများအနေဖြင့် ကိုယ်ပိုင်နည်းလမ်းများဖြင့်ဆောင်ရွက်သွားရုံမှအပ အခြားရွေးချယ်စရာနည်းလမ်း မရှိပေ။ အကြောင်းမူကား အစိုးရသည်ပြည်သူကရွေးချယ်ထားသောကိုယ်စားလှယ်များဖြစ်ပြီး ၎င်းတို့အနေဖြင့် တရားဥပဒေစိုးမိုးမှုနှင့် အေးချမ်းတည်ငြိမ်မှုတို့ထိန်းသိမ်းရန်အတွက် တာဝန်ယူသွားရန်လိုအပ်သည်။

❖ ဖေ့စ်ဘွတ်သည် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားအတိုက်အခံပါတီကို လွှတ်တော်အမတ် ၅၅ နေရာရရှိစေရန်အတွက် အဓိကဆက်သွယ်မှုလက်သုံးကိရိယာဖြစ်လာခဲ့သည်။ ထို့ပြင် အတိုက်အခံများသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း လူထုဆန္ဒထုတ်ဖော်ပွဲဖြစ်လာစေရေး လူထုကိုစည်းရုံးရာတွင်လည်း ဖေ့စ်ဘွတ်ကို အသုံးပြုခဲ့သည်။ ဆန္ဒထုတ်ဖော်မှုများသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် အကြမ်းဖက်မှုပုံစံပြောင်းလဲလာသဖြင့် နောက်ပိုင်းတွင် အစိုးရက ဖြိုခွင်းနှိမ်နင်းခဲ့ရသည်။ ❖

မည်သို့ပင်ဆိုစေ တရားဥပဒေစိုးမိုးမှုမရှိလျှင် အာဏာပိုင်များအနေဖြင့် မည်သို့ဆောင်ရွက်သွားမလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘောဒီးယားအစိုးရသည် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာကို နိုင်ငံရေးလက်နက်အဖြစ် ဆက်လက်အသုံးပြုနိုင်ရေး စဉ်းစားသုံးသပ်လျက်ရှိသည့်အပြင် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေးနှင့်ပြည်သူများငြိမ်ဝပ်ပိပြားမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးတို့အတွက် လူမှုကွန်ရက်မီဒီယာများကို ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ထိန်းချုပ်ဆောင်ရွက်သွားနိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား**

- **Facebook in Camboidan politics by Asia Times.**

# Mister & Miss & Mrs City Winner ရွေးချယ်ပွဲတွင် အလှမယ်ဂျူလိုင်က Miss Mahar Myanmar Winner ဆုနှင့် Title ဆု လေးဆုရရှိ



**ရန်ကုန် ဇူလိုင် ၂၄**

Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency တို့က ကျင်းပသည့် Mister & Miss & Mrs City Winner ရွေးချယ်ပွဲတွင် အလှမယ်ဂျူလိုင်က Miss Mahar Myanmar Winner ဆုနှင့် Title ဆု လေးဆု ဆွတ်ခူးရရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency တို့ ပူးပေါင်းကျင်းပသည့် Mister & Miss & Mrs City Winner ရွေးချယ်ပွဲကို ဇူလိုင် ၂၃ ရက် ညနေက ရန်ကုန်မြို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို) ခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ညီမက ပြိုင်ပွဲမှာဆုရမယ်လို့ တွေးမထားပါဘူး။ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်မယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ Popular Choice Award၊ Voting Choice Award၊ Traditional Award၊ Confirm Award နဲ့ Winner ဆု စုစုပေါင်းငါးဆုရခဲ့ပါတယ်။ စိတ်ကော၊ လူကော ပင်ပန်းခဲ့ပါ တယ်။ အချိန်တွေလဲ အများကြီးပေးခဲ့ပါတယ်။ မိဘက Supporting ပေးနိုင်တဲ့အထဲကမဟုတ်တော့ ခက်ခဲမှုတွေရှိပါတယ်။ အခြား International ပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်သွားပါမယ်"ဟု အလှမယ်ဂျူလိုင်က ပြောပြသည်။

Miss Miracle Myanmar 2023 City Winner အနေဖြင့် Sagaing City Winner ဆုကို အလှမယ် ဇင်မာစိုး၊ Popular Award ဆုကို အလှမယ် သီရိရွှေစင်၊ Mrs Miracle Myanmar 2023 City Winner ဆုများဖြစ်သည့် Shan State City Winner ဆုကို အလှမယ်ရွှေရတု၊ Pathein City Winner ဆုကို အလှမယ် နန်းနီနီအောင်တို့က ရရှိခဲ့ကြကြောင်း သိရသည်။

ASH

# Witchboard တွင် ဂျေမီကမ်းဘဲဘောင်ဝါနှင့် မေဒီဆင်အိုက်မင်းတို့ ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် ဇူလိုင် ၂၄**

ဒါရိုက်တာ ချောက်ရပ်ဆဲ ရိုက်ကူးထားသော Witchboard ဇာတ်ကားတွင် မင်းသား ဂျေမီကမ်းဘဲဘောင်ဝါနှင့် မင်းသမီး မေဒီဆင်အိုက်မင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ချောက်ရပ်ဆဲ ရိုက်ကူးခဲ့သည့် ဂန္ထဝင်ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သော Witchboard(1986) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Witchboard ဇာတ်ကားသည် ဒါရိုက်တာ ချောက်ရပ်ဆဲအတွက် ၂၃ နှစ်တာကာလအတွင်း ပထမဆုံးရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ချောက်ရပ်ဆဲ နောက်ဆုံးရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ Bless the Child ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဝိညာဉ်ခေါ် မှော်ဘုတ်ပြားတစ်ခုကို အသုံးပြုခဲ့ပြီးနောက် ဝိညာဉ်တစ်ကောင်၏ လှည့်စားထိန်းချုပ်မှုခံထားရသူ အမျိုးသမီးတစ်ဦး၏အဖြစ်ကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

KKO



# တွယ်တာနှောင်ကြိုး ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လအတွင်း Mahar Application မှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဇူလိုင် ၂၄**

တွယ်တာနှောင်ကြိုး ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လအတွင်း Mahar Application မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မင်းတော်ဝင်က ပြောပြ၍ သိရသည်။

တွယ်တာနှောင်ကြိုး ရုပ်သံဇာတ်လမ်းတွဲသည် Mahar ထုတ်လုပ်ရေး၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး တွယ်တာနှောင်ကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ထက်မြက်နိုင်ဇင်က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ဩရသက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။




"Mahar ရဲ့ဇာတ်လမ်းတွဲကောင်းတစ်ခုပါပဲ။ စဉ်ဆက်မပြတ်ဇာတ်လမ်းတွဲကောင်းလေးတွေကို ထုတ်လွှင့်နေတဲ့အတွက် ဒီဇာတ်လမ်းတွဲကိုလဲ အရင်ပရိသတ်အကြိုက်တွေ့ခဲ့တဲ့ ဇာတ်လမ်းတွဲတွေလိုပဲ အကြိုက်တွေ့မယ်လို့ မျှော်လင့်ပါတယ်"ဟု သရုပ်ဆောင်မင်းတော်ဝင်က ပြောပြသည်။

တွယ်တာနှောင်ကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ခေးဆက်သွင်၊ မိုးပွင့်ဖြူ၊ မင်းတော်ဝင်၊ ဝေဖြိုး၊ ထူးနိုင်လင်း၊ သဲနော်ဇာ၊ ချိုမဒီသွင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Borderlands ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဇူလိုင် ၂၄**

ဗီဒီယိုဂိမ်းအခြေခံသိပ္ပံအက်ရှင်ဇာတ်ကားဖြစ်သည့် Borderlands ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Borderlands ဇာတ်ကားသည် ကမ္ဘာကျော် Play Station ဗီဒီယိုဂိမ်းဖြစ်သည့် Borderlands ဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ် ပြန်လည် ဖန်တီးထားသည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အမျိုးသမီးရတနာမုဆိုးတစ်ဦး၏ စွန့်စားမှုများကို ပုံဖော်ရိုက်ကူးထားသော Borderlands ဇာတ်ကား၌ မင်းသမီး ကိတ်ဘလန်းချက်၊ မင်းသား ကီဗင်ဟာ့နှင့် ဂျက်ဘလက်တို့ ပါဝင်သရုပ်ဆောင်ထားပြီး Borderlands ဇာတ်ကားကို ဒါရိုက်တာ အယ်လီရော့က တာဝန်ယူရိုက်ကူးပေးထားသည်။

မင်းသမီး ကိတ်ဘလန်းချက်နှင့် မင်းသား ဂျက်ဘလက်တို့သည် The House With a Clock in its Walls(2018) ဇာတ်ကား၌ ဒါရိုက်တာ အယ်လီရော့နှင့် လက်တွဲခဲ့ဖူးသူများဖြစ်ကြသည်။

Borderlands ဇာတ်ကားတွင် မင်းသမီး ကိတ်ဘလန်းချက်သည် အဓိကဇာတ်ကောင်ဖြစ်သည့် အမျိုးသမီးရတနာမုဆိုး လိုင်းလစ်အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# မြန်မာနိုင်ငံသဘင်အစည်းအရုံးက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် သဘင်အိမ်ရာနှင့် သဘင်ရွာကို တည်ဆောက်ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ သဘင်အစည်းအရုံးက ဦးဆောင်ကာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် သဘင်အိမ်ရာနှင့် သဘင်ရွာကို ယခုနှစ်အတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ သိရသည်။

အဆိုပါ သဘင်အိမ်ရာနှင့် သဘင်ရွာကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရပ်ကွက်အတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ပြီး သဘင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် သဘင်ပညာရှင်များ၏ နေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် လူရွှင်တော် ဦးပေါ်လေးက ပြောပြ၍ သိရသည်။

"သဘင်အစည်းအရုံးက ဦးဆောင်ပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အလွန်မင်္ဂလာရှိတဲ့ ကိစ္စပါပဲ။ သဘင်ပညာရှင်တွေမှာ အိမ်ပိုင်ရာပိုင်နဲ့ နေနိုင်သူဆိုတာ ရှားရှားပါးပါးပါ။ ကျန်းမာရေးကြောင့်၊ အကြောင်းအမျိုးမျိုးကြောင့် သဘင်အလုပ်က နားသွားရှာတဲ့ သဘင်ပညာရှင်တွေ၊ လက်ရှိသဘင်လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့လူတွေမှာ နေရေးဟာ ကြီးမားတဲ့အခက်အခဲပါ။ ရန်ကုန်မှာ သဘင်အိမ်ရာနဲ့ သဘင်ရွာ ဖော်ထုတ်ပေးသလို မန္တလေးမှာလဲ မြန်မာနိုင်ငံ အထက်ပိုင်းက သဘင်ပညာရှင်တွေအတွက် ဖော်ထုတ်ပေးမယ်လို့လဲ သိရပါတယ်"ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် လူရွှင်တော် ဦးပေါ်လေးက ပြောပြသည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံးအနေဖြင့် လတ်တလောတွင် သဘင်အိမ်ရာနှင့် သဘင်ရွာအတွက် သဘင်လောကမှ နေရေးအခက်အခဲရှိသူများ စာရင်းကောက်ယူမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် နေရေးအခက်အခဲရှိနေသည့် ဟာသပညာရှင် လူရွှင်တော်များ နေရေးအခက်အခဲပြေလည်စေရန် လူရွှင်တော်ရွာ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Bodh Gaya tour companies need to be enlisted in 2023-24 FY



Photo shows the areas of Bodh Gaya.

**Nay Pyi Taw July 24**

The Bodh Gaya Pilgrimage Work Committee of the Ministry of Religious Affairs and Culture recently issued a statement that the companies wishing to operate Bodh Gaya pilgrimage tour have to submit registration at the work committee for 2023-24 financial year.

Bodh Gaya pilgrimage tour resumes in September every year, and it lasts till April. Before Covid-19 pandemic, some 40,000 pilgrims contacted the companies per year.

January and February are the high season of pilgrimage tour. Some 100 local companies bound for Bodh Gaya operate tour services to the pilgrims.

Those companies give services to the pilgrims to conduct various process of the pilgrimage tour to Bodh Gaya. The companies need to take registration at the Bodh Gaya Pilgrimage Work Committee.

Registration period will last from 24 July to 25 August. Registration must be done at the committee on Kaba Aye Pagoda Road in Mayangon Township, dialing 09-5013727, 09-254441411 and 09-420087632. This year, Myanmar National Airlines will resume pilgrimage flight to Bodh Gaya as from September and MAI, October.

336

# Quality humus produced from waste for crop plantations in Yangon Region

**Yangon July 24**

The Yangon City Development Committee stated that it will distribute quality humus produced from waste of Yangon Region to crop plantations.

EM bokashi is being produced from the waste at Thiri Mingala Market in Hline Township and humus is being produced at landfills in Yangon Region to use it in greening tasks of the Yangon City.

Discarded vegetables from Thiri Mingala market in Hline Township are used in production of five tons of humus per day. Businesspersons from Nyaunghnapin agricultural zone purchase humus, according to the markets department of YCDC.

The humu is also used at monsoon paddy plantations and vegetable patches of YCDC. The committee decided to produce quality humus from wastes to sell it to farmers for vegetable plantations of the regions.

A total of 33 townships in the municipal area of YCDC dispose some 2,500 tons of waste on a daily basis. These are piled at landfills in Hlinethaya, Hteinbin, Dagon Myothit (North) Township, Daweigyaung, Dala, Kyuchaung, Hlawga and Seikkyi-Khanaungto for production of humus.

The wastes are piled at relevant districts of Yangon Region. Waste from the west and north districts is disposed at Hteinbin landfill in Hlinethaya Township, that of east and south districts to Daweigtaung landfill in Dagon Myothit (North) Township, that of Dala Township to Dala landfill and that of Seikkyi-Khanaungto Township to the landfill of the township daily.

ASH



Humus is being produced at a landfill in Yangon Region.

# 55 units of agricultural machinery sold in installment from April to June 2023

**Nay Pyi Taw July 24**

A total of 55 units of agricultural machinery have been sold within three months from April to June in 2023-23 financial year, according to the Ministry of Cooperatives and Rural Development.

The Department of Cooperative sells agricultural machinery imported from Daedong Co of the Republic of Korea to local farmers in installment since 2015.

By so doing, the department has sold 317 units of agricultural machinery valued at more than K4.227 billion to local farmers in installment in 2022-23 financial year.

Hence, a total of 4,266 units of agricultural machinery worth K105.660 billion have been sold to farmers from April 2015 to 2022-23 financial year. The department remains 135 units of machinery to be sold.

In 2023-24 financial year, 27 units of machinery worth K0.307 billion were sold in April 2023, nine machinery worth K0.96 billion in May and 19 machinery worth K0.19 billion in June in installment.

As such, 55 units of agricultural machinery worth K0.593 billion were sold from April to June 2023. The remaining machinery is being sold in July this year.

336

# Some 1,200 aparments ready to be rented at Thukha Dagon Public Rental Housing

**Yangon July 24**

The Department of Urban and Housing Development, under the Ministry of Construction, recently issued an announcement on renting for approximately 1,200 apartments, constituting the first phase of the Thukha Dagon Public Rental Housing Project in Dagon Myothit (South) Township.

Retired employees, civil servants, and individuals facing living challenges in Yangon Region will have the opportunity to apply for a five-year residence permit at the newly completed 1,200 apartments in the initial phase of the Thukha Dagon Public Rental Housing Project.

"Those who actually face accommodation difficulties may purchase applications for renting apartments at the relevant township General Administration Department not later than 31 July. Rental term will be five years. After that, the apartments must be handed over to the authorities. Rental charges are K67,000 per apartment on the first floor, K60,000 on the second floor, K55,000 on the third floor and K46,000 on the fourth floor," said assistant director U Than Ohn Zaw of the Yangon Region Urban and Housing Development Department.

Interested applicants can obtain residence permit forms from the respective township administration offices, complete the required details, and submit the forms to the relevant township administration offices by the latest deadline of 31 July.

The housing project spans 171 acres of land near the intersection of No 2 Highway and No 7 Highway, encompassing 194 buildings with 3,104 apartments currently being constructed in the first phase. For this phase, the Myanmar Construction Entrepreneurs Federation (MCEF) and the Myanmar Licensed Contractors Association (MLCA) have allocated 97 buildings each for construction purposes. ASH

# Algeria wildfires: Fifteen killed and thousands evacuated

**Algiers July 24**

At least 15 people have been killed and thousands evacuated after wildfires broke out across Algeria, the country's interior ministry says.

Outbreaks of 97 wildfires were recorded across 16 provinces affecting forest, crops and farmland on Monday.

Around 7,500 firefighters were working to bring the blazes under control, authorities said.

Twenty-six people were also injured and 1,500 evacuated from their homes in Fenaia, Bejaia, Zbarbar and Bouira.

The most extensive fires, in the mountainous Kabylie region to the east of Algiers, spread to residential areas in the coastal towns of Bejaia and Jijel, fanned by high winds.

Northern Algeria has been experiencing a record heatwave in recent days, with temperatures reaching 48C.

Algeria's Meteorological Office has warned that temperatures of more than 48C are likely to continue until the end of the month in the north of the country.

Since the heatwave began, electricity consumption in Algeria is reported to have reached the highest level in the country's history.

BBC

# 138th Pathana recitation to dedicate to sacred hair relic Kyaikthok Pagoda in Mawlamyine


Kyaikthok Pagoda in Mawlamyine.

**Mawlamyine July 24**

A plan was set to hold recitation of Pathana treatises at sacred hair Kyaikthok Pagoda in Mawlamyine, according to the pagoda board of trustees.

The pagoda is located at the corner of Baho Road and Kyaikthok Road in Mayangon Ward of Mawlamyine, enstrined with sacred hairs of the Lord Buddha.

The Pathana recitation ceremony has been held annually 138 times, and this year's ceremony will take place on 14 September.

At the ceremony, traditional medicines and western medicines will be donated to monasteries in Mon State.

Those wishing to make donations may dial 09-408834184 of the pagoda board of trustees, 09-5322736 of the 09-5150968 of the secretary, 09-43004668 of the treasurer, 09-253304840 and 09-880055057 of the Mawlamyine Association at Shwedagon pagoda in Yangon. 336

# Development of horse gram cultivation to contribute to export, cooking oil and livestock sectors

**Nay Pyi Taw July 24**

The Myanmar Trade Promotion Organization stated that cultivation of horse gram will much contribute to export, cooking oil and livestock sectors of the nation.

Some 400,000 acres of croplands are under horse gram plantations to yield some 200,000 tons of horse gram annually. Such a bean is cultivated in Shan State as a main producer. Export of such bean uses the land border to China and shipping to China (Taiwan) as main customers.

According to the data of the Ministry of Commerce, 4.74 tons of horse gram was exported to earn US$4,000 within three months from April to June this financial year.

Horse gram was not exported through land borders during the period but shipping. If the bean can be exported through hand border, export volume of horse gram will resurge.

Content of oil in horse gram cannot be compared with groundnut and sesame. Expeller cake of horse gram can be fed to animals. So, horse gram cultivation benefits export sector, cooking oil sector and livestock breeding sector. 336


Horse gram.

# Export of mango to China needs GACC certificate in coming season

**Mandalay July 24**

Local growers in Mandalay Region need to submit GACC certificate for export of mangoes to China in coming season, said secretary U Kyaw Soe Naing of Myanmar Mango Market and Technological Development Association (Mandalay).

Mango farmers, exporters and growers need to hold GACC certificates for export of mangoes to China. Those exporters have to submit GACC application for certificates to the crop protection section of the Mandalay Region Agriculture Department not later than 26 July. The applications must comprise name of exporters, farm names, farm addresses, sown acreage, contact number and email or gmail addresses.

"Exporters need to apply for certificate of GACC to send mangoes to China in coming year. Such applications must be submitted not later than 26 July. Only when they can show certificates of GACC for export of mangoes, will the Chinese authorities consider their export process. Applications can be submitted in individuals, in groups or in associations. They can submit it on WWW.GOA.GOV.MM/GOA/ and may download applications from ppt.goa.gov.mm. Moreover, they can submit it through gacccontactperson@gmail.com," he explained.

Exporters need to submit the certificates for eight fruits. For having smooth process in export of fruits, they have to submit applications under the Food Safety Law of the People's Public China. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# China: 11 die as roof collapses on girl's volleyball team

**Beijing July 24**

Eleven people have died after the roof of a school gymnasium in north-east China collapsed while it was being used by a girls' volleyball team, state media reports.

Many of the victims are children, eyewitnesses told local media, although this is yet to be officially confirmed.

Anguished parents have thronged a nearby hospital seeking updates.

Only eight of the 19 people who were inside the gym in the industrial province of Heilongjiang survived.

Police have detained the bosses at a local construction company, according to local media.

They have been accused of dumping perlite, a form of volcanic glass, on the roof of the gym while working on an adjacent building project.

The mineral had soaked up rain water following heavy downpours, which sent the roof into a collapse at 15:00 local time (07:00 GMT).

The coach of the middle school's girls' volleyball team was heard calling out the students' names as rescue teams clawed through the rubble in Qiqihar city, China National Radio reported.

Parents have criticised school officials, saying there had been a lack of proper communication on the rescue effort, which stretched until Monday morning.

"They tell me my daughter is gone but we never got to see the child. All the children had their faces covered with mud and blood when they were sent to the hospital. I pleaded, please let me identify the child. What if, that wasn't my child?" one man said in a video that has been widely-shared on social media.

"What have [the authorities] been doing four, five, or even six hours after the children were sent to hospital? ... Doctors are not communicating with us about how the rescue is going.

"We have elderly people at home, we need to [help them] be mentally prepared. There are doctors, police officers and other government officials here. But we have not heard anything from you," he said.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီသို့ ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရှိ AMRAAM ဒုံးကျည်များရောင်းချရန် အမေရိကန် သဘောတူခွင့်ပြု



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရှိ AIM-120C-8 Advanced Medium-Range Air-to-Air Missiles (AMRAAM) အဆင့်မြင့် တာလတ်ပစ် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များကိုဂျာမနီနိုင်ငံသို့ရောင်းချရန် သဘောတူခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ဆက်စပ်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပါအဝင် အဆိုပါစစ်ဘက်ရောင်းချမှုသည် ခန့်မှန်းခြေအားဖြင့် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိကြောင်း သိရသည်။

ဂျာမနီအစိုးရသည် နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်ကို မြှင့်တင်ရန် AMRAAM ဒုံးကျည် ၉၆၉ စင်းထိ ဝယ်ယူသွားနိုင်ရေးအတွက် တောင်းဆိုထားခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံသည် AMRAAM C8 ဒုံးကျည်၏ လမ်းညွှန်ထိန်းကျောင်းမှုအပိုင်း ၁၂ ပိုင်း၊ AIM-120 လေ့ကျင့်ရေးဒုံးကျည်များ၊ တယ်လီမီတာကိရိယာများ၊ ထိန်းကျောင်းမှုအပိုင်း အပိုပစ္စည်းများနှင့်ကွန်တိန်နာများကိုဝယ်ယူရန် ရည်ရွယ်ထားကြောင်း ဝယ်ယူရေးအဆိုပြုချက် အသိပေးစာတွင် ဖော်ပြထားသည်။

သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက Raytheon Missiles &Defense ကုမ္ပဏီသည် အဓိက ကန်ထရိုက်တာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီထုတ် AMRAAM ဒုံးကျည်သည် ကမ္ဘာပေါ်တွင် ခေတ်မီဆန်းပြားဆုံးနှင့် တိုက်ပွဲဝင်သက်သေပြသထားနိုင်ခဲ့သော လေကြောင်းစိုးမိုးရေးလက်နက် အမျိုးအစားများထဲမှ တစ်ခုဖြစ်သည်။

အဆိုပါဒုံးကျည်သည် ဝေဟင်မှဝေဟင်၊ ဝေဟင်မှမြေပြင် တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် စစ်ဆင်နိုင်စွမ်းကို ပိုင်ဆိုင်ထားသည်။ ၎င်း၏အဆင့်မြင့် Active Guidance Section အပိုင်းနှင့် အာရုံခံစနစ်ဒီဇိုင်းပိုင်းတို့က လေသူရဲများ ပစ်မှတ်များကို လျင်မြန်စွာရှာဖွေတွေ့ရှိစေနိုင်ပြီး တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိစေသည်။ ထို့ပြင် AMRAAM ဒုံးကျည်သည် ထိရောက်အကွာအဝေး မိုင် ၄၀ (၆၄ ကီလိုမီတာ)ကျော်တွင် Mach 4 အလျင်နှုန်းဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ယခုကဲ့သို့ AMRAAM ဒုံးကျည်များ ရောင်းချပေးခြင်းသည် အထူးသဖြင့် ခေတ်သစ်ခြိမ်းခြောက်မှုများ ပေါ်ထွန်းလာချိန်တွင် ဂျာမနီ၏တိုက်ပွဲဝင်နိုင်မှုစွမ်းအားကို ပိုမိုမြင့်မားကောင်းမွန်လာစေမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ရှင်းပြခဲ့သည်။

**US OKs $2.9B AMRAAM Missile Sale to Germany ကိုဘာသာပြန်ဆိုထားပါသည်။**

## ဟန်ဂေရီက Hero Loitering Munitions များဝယ်ယူရန် Rheinmetall ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

ဟန်ဂေရီနိုင်ငံသည် လာမည့်နှစ်နှစ်အတွင်း Hero Loitering Munitions တိုက်ခိုက်ရေးဒရုန်းကို ဝယ်ယူရန်အတွက် ယူရိုသန်းရာနှင့်ချီ၍ တန်ဖိုးရှိသောသဘောတူစာချုပ်ကို Rheinmetall ကုမ္ပဏီနှင့် ချုပ်ဆိုနိုင်ခဲ့ကြောင်း ဇူလိုင် ၂၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

Hero Loitering Munitions တိုက်ခိုက်ရေးဒရုန်းသည် အစ္စရေးနိုင်ငံ ဒရုန်းထုတ်လုပ်သူ UVision Air ကုမ္ပဏီနှင့် ပူးပေါင်း၍ Rheinmetall ကုမ္ပဏီက အဆင့်မြှင့်တင်ထုတ်လုပ်ထားသော တိုက်ခိုက်ရေးဒရုန်းအုပ်စုဝင် Loitering Munitions အမျိုးအစားတစ်ခုဖြစ်သည်။

ကုမ္ပဏီနှစ်ခုသည် အဝေးထိန်းစနစ်ဖြင့်ထိန်းချုပ်နိုင်သော၊ တိကျခဲယမ်းများ တိုးမြင့်လာသော ဝယ်လိုအားများအတွက် အဆင်ပြေစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ၂၀၂၀ ခုနှစ် အောက်တိုဘာလက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

Hero Loitering Munitions တိုက်ခိုက်ရေးဒရုန်းများသည် ခြိမ်းခြောက်မှုများအဖြစ်တည်ရှိနေသော ရန်သူစွမ်းဆောင်ရည်များ၊ ပစ်မှတ်များပေါ်တွင် ပျံဝဲနေနိုင်စွမ်းရှိသည်။ တိကျသောတိုက်ခိုက်မှုတစ်ရပ်ကိုမလုပ်ဆောင်မီ ဆင်းသက်ပျံသန်းတိုက်ခိုက်ရာလမ်းကြောင်းနှင့် အချိန်ကိုက်လုပ်ဆောင်နိုင်စေရန် အချက်အလက်များကို အကဲဖြတ်တွက်ချက်လေ့ရှိသည်။

Hero Loitering Munitions တိုက်ခိုက်ရေးဒရုန်းတစ်စင်းဖြင့် အပေါ့စားယာဉ်များ၊ တင့်ကားများ၊ ရန်သူစစ်မြေပြင်ခံစစ်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်အခြေခံအဆောက်အအုံများကဲ့သို့သော ပစ်မှတ်အမျိုးမျိုးကိုတိုက်ခိုက်နိုင်ကြောင်း သိရသည်။

အော်ပရေတာတစ်ဦးတည်းဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်သောအသေခံ Kamikaze ဒရုန်းကို မြေပြင်ထိန်းချုပ်ရေးစနစ်များဖြင့်လည်း ထိန်းကျောင်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖိဖျက်နှောင့်ယှက်မှုများဖြင့် ရေဒီယိုလှိုင်းဆက်သွယ်မှုများဖြင့် အခြေအနေတစ်ရပ်ဖြစ်စေ၊ GPS ထိန်းကျောင်းမှုအချက်အလက်မရရှိတော့သည့် အခြေအနေမျိုးတွင်ဖြစ်စေ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းရှိစေရန် ထုတ်လုပ်ထားသည်။

Hero Loitering Munitions တိုက်ခိုက်ရေးဒရုန်းများသည် ယနေ့ခေတ်စစ်မြေပြင်များတွင် ခေတ်မီလက်နက်ကိုင်တပ်ဖွဲ့များကို စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ် ရှိနိုင်စွမ်းအတွက် အထောက်အပံ့ကောင်းများဖြစ်သည်ဟု Rheinmetall ကုမ္ပဏီကပြောကြားသည်။




လက်နက်စနစ်များတွင် ကင်းထောက်ခြင်း၊ စောင့်ကြည့်ခြင်းနှင့်မှတ်တမ်းတင်ခြင်းများအပါအဝင် ပစ်မှတ်ကိုအလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းသည်မျက်စိဖြင့်မြင်နိုင်သော Line of Sight ကို ကျော်လွန်၍ အနိမ့်ပျံသန်းဝင်ရောက်လာနိုင်သည့် ရန်သူပစ်မှတ်များကို ရှာဖွေ၊ ခြေရာခံထိန်းကျောင်းကာ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

**Rheinmetall to Supply Hero Loitering Munitions for Hungary ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် ဒေါ်လာသန်း ၄၀၀ ရှိ နောက်ထပ်စစ်ရေးအကူအညီသစ်ပေးရေး ဇူလိုင် ၂၅ ရက်တွင် အမေရိကန်ကြေညာရန်စီစဉ်

အမေရိကန်နိုင်ငံသည် ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ အဓိကအရေးပါသော အမြောက်များ၊ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် ခြေလျင်တိုက်ခိုက်ရေးယာဉ်များဖြစ်သည့် နောက်ထပ်စစ်ရေးအကူအညီသစ်ကိုပေးရေး ဇူလိုင် ၂၅ ရက်တွင်ကြေညာရန်စီစဉ်နေကြောင်း အမေရိကန်နိုင်ငံအရာရှိ သုံးဦးက ဇူလိုင် ၂၀ ရက်တွင် ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံသည် လက်နက်ထောက်ပံ့မှုအစီအစဉ်တွင် အစုလိုက်အပြုံလိုက် တိုက်ခိုက်ဖျက်ဆီးနိုင်သော ပဒေသာဗုံးများ မပါဝင်ကြောင်း အမည်မဖော်လိုသူ အမေရိကန်စစ်ဘက်အရာရှိနှစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်သည် ၁၅၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်များတွင် ထည့်သွင်းတိုက်ပွဲဝင်ရန် အမြောက်ကျည်များအစား အစုလိုက်အပြုံလိုက်တိုက်ခိုက်နိုင်သော Cluster Munition ရည်ရွယ်ချက်နှစ်မျိုးသုံး အဆင့်မြင့်သမားရိုးကျခဲယမ်းများကို ဇူလိုင်လအစောပိုင်းက ယူကရိန်းသို့ ပထမဆုံးအကြိမ် ပေးပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ကြိမ်ပေးအပ်မည့် စစ်ရေးအကူအညီသစ်တွင် Stryker သံချပ်ကာလူသယ်ယာဉ်များ၊ မိုင်းရှင်းလင်းရေးစက်ပစ္စည်းကိရိယာများ၊ National Advanced Surface-to-Air Missile Systems (NASAMS) အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အတွက် ခဲယမ်းကျည်များ၊ High Mobility Artillery Rocket Systems (HIMARS)အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်အတွက် ခဲယမ်းများ၊ TOW နှင့် Javelin အပါအဝင် တင့်ဖျက်လက်နက်များနှင့် Patriot နှင့် Stinger လက်နက်စနစ်သုံး ခဲယမ်းများစသည်တို့ ပါဝင်လာကြောင်း အဆိုပါအရာရှိများ၏ အဆိုအရ သိရသည်။

အကူအညီပေးရေး လက်နက်ခဲယမ်းစက်ပစ္စည်းများစာရင်းကို အပြီးသတ်ရေးဆွဲနေဆဲဖြစ်ပြီး အပြောင်းအလဲအနည်းငယ်ရှိနိုင်သည်ဟုလည်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြထားကြောင်း သိရသည်။

အရေးပေါ်အခြေအနေအတွင်း လွှတ်တော်၏ခွင့်ပြုချက်မရှိဘဲ အမေရိကန်စစ်ဘက်ပိုင် လက်နက်တိုက်များမှ စစ်လက်နက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လွှဲပြောင်းပို့ဆောင်ပေးရန် သမ္မတက တိုက်ရိုက်ခွင့်ပြုချက်ပေးနိုင်သည့် Presidential Drawdown Authority သို့မဟုတ် PDA အခွင့်အာဏာကိုအသုံးပြု၍ အဆိုပါကူညီရေးပက်ကေ့ချ်ကို ငွေကြေးထောက်ပံ့သွားမည်ဖြစ်သည်။

စစ်လက်နက်ပစ္စည်းခဲယမ်းများသည် အမေရိကန်စစ်ဘက်၏ အပိုဆောင်းအရန်စုပုံစာရင်းမှ ထုတ်နုတ်အသုံးပြုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**US to give Ukraine new $400 million military aid package ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၉၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၉၄၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မိုးနေကြာဧက ၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ မိုးနေကြာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ကတော့ မိုးနေကြာထက် ဆောင်းနေကြာစိုက်ပျိုးတာများပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မြို့နယ်အလိုက် မိုးနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၀၉ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၆၇၃ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၁၁၃၀၊ ချောင်းဦးမြို့နယ်တွင် ၁၈၇ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၀၇ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၅၆၉၀၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၃၂ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာခရိုင်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ထောပတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိ

**မအူပင် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ထောပတ်ပဲ(အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လက ထောပတ်ပဲ (အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲ(အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါထောပတ်ပဲများ ဈေးကောင်းရရှိလာခြင်းသည် ရန်ကုန်မြို့မှ အဝယ်လိုက်လာသောကြောင့်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ထောပတ်ပဲတွေ ဝယ်လိုအားကောင်းနေတယ်။ လက်ရှိ ရန်ကုန်ဘက်က ဝယ်လိုအားကောင်းပြီး ဈေးပါကောင်းလာတာပါ။ ပြည်ပဈေးကွက်ကို ပြန်တင်ပို့နေလို့လဲ ဝယ်လိုအားကောင်းလာတာပါ။ ဈေးကလဲ အရင်ထက် ၁၆ ပြည်ဝင် တစ်အိတ်ကို ငွေကျပ် ၉၀၀၀ ထိဈေးကောင်းလာတယ်။ လက်ရှိ ထောပတ်ပဲ အိတ်ရေ ၁၀၀ ကျော်ထိ နေ့တိုင်း တင်ပို့ရောင်းချနေရတယ်။ တင်ပို့ရောင်းချအားရှိနေတာကြောင့် အခု ထောပတ်ပဲကို စိုက်ပျိုးသူတွေ၊ သိုလှောင်ထားတဲ့ ကုန်သည်တွေ ဈေးကောင်းရရှိနေတယ်။ ထောပတ်ပဲက လာမဲ့ ပဲပေါ်ရာသီမရောက်မီထိ အရောင်းအဝယ်နဲ့ ဈေးပါ အခုထက်ကောင်းလာဖို့ရှိပါတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။



မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ပဲများကို ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ထောပတ်ပဲများကို ရေကြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဝါးခယ်မမြို့နယ် စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သိန်းနီမြို့နယ် နောင်ဆိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သိန်းနီ ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်ဆိုင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာဇာအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သိန်းနီမြို့နယ် နောင်ဆိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၄)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၄-၇-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၄၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ကျိုင်းတုံမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ တောင်တန်းသာသနာပြုကျောင်း ၂၅ ကျောင်းမှ ဆရာတော်၊ သံဃာတော်များကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် ကျိုင်းတုံမြို့ ရပ်တော်မူထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်၊ သံဃာတော် ၆၈ ပါးကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ခါတ်မှန်ရိုက်ပေးခြင်း၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး ဆရာတော်၊ သံဃာတော်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှုအခြေအနေများကို မေးမြန်းလျှောက်ထားကာ ဆေးရုံတက်ရောက်ရန် လိုအပ်သော ဆရာတော်၊ သံဃာတော်များကို ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဆရာတော်၊ သံဃာတော်များအား နယ်မြေခံ ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးနေမှုကို တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်း ကြည့်ရှုအားပေးစဉ်။



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဘူးသီးတောင်မြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ လေယာဉ်ကွင်းသွားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါရပ်ကွက်ရှိ ထောင်ပိုင်ကွင်းဧရိယာ၌ မိုးစပါး စနစ်တကျစိုက်ပျိုးနိုင်ရေး ကွင်းသရုပ်ပြပွဲဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်ဖြင့် တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် ပျိုးဗန်းများနှင့် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးကာ တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးဝေကြသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနရှိ ဂိုဒေါင်သို့ သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများ စာရင်းဇယားများနှင့် ကိုက်ညီမှု ရှိ၊မရှိ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ ယင်းနောက် ဦးဥတ္တမခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး လေဘေးသင့် ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တာဝန်ရှိသူများကို ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ MEC (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတတ်)မှ ထုတ်လုပ်သည့် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်သူလူထုထံ စျေးနှုန်းချိုသာစွာဖြင့် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ အနောက်ရပ်ကွက်နှင့် မြို့မရပ်ကွက်နေပြည်သူများကို မြို့သန့်ရှင်းသာယာလှပရေး အသိပညာပေးဟောပြောခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောနေမှုများကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရိက္ခာရပ်ကွက်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်သို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူပြီး ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ မိဘမဲ့ကျောင်းသားများကို ဗလာစာအုပ်များ ထောက်ပံ့လှူဒါန်းကြသည်။

ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်စျေးထက် သက်သာသောစျေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



# အခြေခံတစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံအုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အခြေခံတစ်လုံးထိုး ဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း၊ အခြေခံဂဟေဆက် သင်တန်း၊ အခြေခံအုတ်စီနှင့် ပန်းရန်သင်တန်း ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့်ဖွင့်လှစ်သော ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးကော်မတီ၏ အခြေခံ တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံအုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သင်ကြားလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ၆၇ ကီလိုဂရမ်အလွတ်တန်းပွဲစဉ်မှ မကွေးတပ်နယ်နှင့် စလင်းတပ်နယ်တို့မှ အားကစားသမားများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားရုံ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး ရဲမျိုးသန့်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ခုံအမှတ်(၁)ရှိ စစ်တုရင် ပထမဆုံးရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။



ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရဲမျိုးသန့် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲကို အကြီးတန်း၊ လူသစ်တန်းနှင့် အမြန်ရွှေ့ပြိုင်ပွဲ အမျိုးအစားများဖြင့် ကျင်းပမည်ဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ တပ်၊ဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၃၁ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ၂၆-၇-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

# မြန်မာငွေကျပ် နှစ်သောင်းတန်အသစ်ရိုက်နှိပ်ထုတ်ဝေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

**မေး။** မင်္ဂလာပါ ဗိုလ်ချုပ်ခင်ဗျာ။ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက် မနေ့တုန်းက မြန်မာငွေကျပ်နှစ်သောင်းတန် အသစ်ရိုက်နှိပ်ထုတ်ဝေမှုနှင့်ပတ်သက်ပြီး မေးမြန်းလိုပါတယ်ခင်ဗျာ။ အခုလို ငွေကျပ်နှစ်သောင်းတန် ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့အတွက် လတ်တလောမှာ နိုင်ငံခြား ငွေဈေး၊ ရွှေဈေးတွေအပါအဝင် ကုန်ဈေးနှုန်းကြီးမြင့်လာတဲ့အတွက် ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်လျက်ရှိပါတယ် ခင်ဗျာ။ ဒီလိုဖြစ်ပေါ်တဲ့အခြေအနေနဲ့ ပတ်သက်ပြီး အစိုးရအနေနဲ့ပြည်သူလူထုကို ဘာများအသိပေးပြောကြားလိုပါသလဲ ခင်ဗျာ။

**ဖြေ။** ဗိုလ်ချုပ်ဇော်မင်းထွန်းက ဒီကိစ္စနှင့်ပတ်သက်ပြီး မနေ့ကကော၊ဒီနေ့ကောဖြစ်ပေါ်လာတဲ့အကြောင်းရင်းတွေကို လိုက်လံစုံစမ်းကြည့်တယ်။ ပထမဦးဆုံးက ကောလာဟလပေါ့။ ကောလာဟလနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ဟာတွေကို ပထမဦးဆုံးပြောချင်တယ်။ မနေ့က မနက် ၈ နာရီမှာ ငွေကျပ်နှစ်သောင်းတန် အသစ်ထုတ်ဝေတာနဲ့ပတ်သက်ပြီး ဗဟိုဘဏ်က ကြေညာချက်ထွက်ခဲ့တယ်။ အဲလိုဖြစ်ပြီး နေ့လယ်ပိုင်းလောက်မှာ တချို့သောအရာတွေကနေပြီးတော့ ကောလာဟလနှစ်ခုထွက်လာတယ်။ နံပါတ်တစ် ကောလာဟလက နှစ်သောင်းတန်တွေအသစ်ထွက်ပြီပေါ့ဗျာ။ နောက်ထပ်လဲ ထွက်လာနိုင်သေးတယ်။ နောက်ထပ်လဲ ဒို့ထက်တန်ဖိုးမြင့်တဲ့ဟာတွေထွက်လာနိုင်သေးတယ်။မြန်မာငွေကြေးတန်ဖိုးကျမယ်။ငွေကြေးဖောင်းပွလာနိုင်တယ်ဆိုပြီး ထွက်လာတယ်။ နောက်တစ်ခုကတော့ မရှေးမနှောင်းလောက်မှာ အဲ့ဒီနေ့ခင်းပိုင်းမှာ ထပ်ပြီးထွက်လာတာက ငွေစက္ကူအသစ်တွေထွက်လာတဲ့အတွက် ယခင်တုန်းကသုံးနေတဲ့ဖျက်သိမ်းခံရနိုင်တယ်ဆိုပြီးတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ကောလာဟလတွေထွက်လာတယ်။ အဲလိုထွက်လာပြီးနောက်ပိုင်းမှာ အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ဒေါ်လာဈေးလဲ တက်ရိပ်ပြလာတယ်။ ရွှေဈေးလဲတက်ရိပ်ပြလာတယ်။ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ကြောင့် လက်တွေ့အရောင်းအဝယ်ဖြစ်တာမဖြစ်တာထက် ဒေါ်လာဈေးတက်ရိပ်ပြလာတယ်။ ရွှေဈေးတက်ရိပ်ပြလာတယ်။အဲဒီလိုမျိုးဖြစ်ပြီးတော့ ဒီနေ့မနက်မှာ ဗဟိုဘဏ်ကနေပြီးတော့ အများပြည်သူသိစေရန်ဆိုပြီး ထုတ်ပြန်ချက်တစ်ခုထပ်ပြီးတော့ အမေးအဖြေကဏ္ဍလေး တစ်ခုထုတ်ပြန်ခဲ့တာရှိတယ်။ အဲဒီအထဲမှာ အချက်အလက်ပြည့်ပြည့်စုံစုံပါပါတယ်။ နံနက် ၉ နာရီလောက်မှာဗဟိုဘဏ်ကထုတ်ပြန်ပြီး နံနက် ၁၀ ခွဲ ၁၁ နာရီလောက်မှာ နောက်ထပ်ကောလာဟလတက်လာတယ်။ အဲဒါကတော့ ဗဟိုဘဏ်ရဲ့အမေးအဖြေထဲကလိုတာပဲ ဖြတ်ယူခဲ့တာ ဒီကျပ်ငွေနှစ်သောင်းတန်ငွေစက္ကူက တစ်ယောက်ကို သုံးရွက်ရမယ်ဆိုတာမျိုးပေါ့လေ။ မြန်မာနိုင်ငံလူဦးရေနဲ့ တွက်ရင်တောင်မှ ပိုက်ဆံအများကြီးရိုက်နှိပ်ထုတ်ဝေပြီးပြီဆိုတဲ့ဟာမျိုး၊ ပြီးရင် တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပဲ မီဒီယာတချို့သော ပြည်ပြေးမီဒီယာတွေက ဖော်ပြလာတယ်။ မြန်မာ့စီးပွားရေးလေ့လာသူတစ်ဦးဆိုပြီး ထုံးစံအတိုင်းသူတို့ရဲ့လုပ်ကြံဇာတ်လမ်းတွေပေါ့ဗျာ။ မြန်မာ့ငွေရေးကြေးရေးစောင့်ကြည့်သူတစ်ဦးဆိုပြီး ဒါတွေနဲ့ အစိုးရအနေနဲ့ စက္ကူအသစ်တွေရိုက်နှိပ်ထုတ်ဝေရပြီ။ စီးပွားရေးအရအခြေအနေမကောင်းဘူးဆိုပြီး ဒါတွေထွက်လာတယ်။ ထွက်လာပြီးနောက်ပိုင်းမှာ ဒေါ်လာဈေးနဲ့ ရွှေဈေးတက်သွားတယ်။ နောက်ပိုင်းမှာ အခြားကုန်ဈေးနှုန်းတွေပါ ဆွဲတင်ခြင်းခံလိုက်ရတယ်။ အဲလိုဖြစ်ပေါ်လာအောင် ထိုးနှက်တိုက်ခိုက်ရတဲ့ အဓိကအကြောင်းကတော့ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ ဗဟိုဘဏ်ကကြေညာချက်ထုတ်တယ်။ အဲဒီကြေညာချက်ကဘာလဲဆိုတော့ ယခင်တုန်းက ပို့ကုန်သွင်းကုန်တွေပေါ့လေ။ ပို့ကုန်ကရရှိတဲ့ ပို့ကုန်ရငွေပမာဏ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့လဲလှယ်ဖို့ ထွက်ထားတာရှိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနဲ့ MSME လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ် အချိုး ၆၅ ရာခိုင်နှုန်းပေါ့။ မြန်မာကျပ်ငွေနဲ့လဲလှယ်ဖို့ဆိုတာကိုသင့်လျော်တဲ့အချိန်မှာပြင်ပေးဖို့၊ လျှော့ချဖို့ဆိုတာကို အမြဲတမ်းပြောနေတာရှိတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကောစက်မှုလုပ်ငန်းရှင်တွေရောပေါ့။ ဒါနဲ့ပတ်သက်ပြီး ဇူလိုင် ၁၃ရက်မှာ ကျွန်တော်တို့က ပို့ကုန်တင်ပို့သူများအနေနဲ့ ပို့ကုန်ရငွေရဲ့ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့လဲလှယ်မယ့်အစား ၅၀ ရာခိုင်နှုန်းသာ လဲလှယ်ရန်ဆိုပြီး ဗဟိုဘဏ်က ထုတ်ပြန်လိုက်တယ်။ ထုတ်ပြန်ပြီးနောက်ပိုင်းမှာ အားလုံးလည်းသတိပြုမိလိမ့်မယ်။ ကုန်သွယ်မှုအရှိန်ပိုပြီးကောင်းလာတယ်။ ဒို့ပြင် ဈေးကွက်အတွင်းမှာ နိုင်ငံခြားငွေရရှိမှုပိုကောင်းလာတယ်။ဒေါ်လာဈေးအနေနဲ့ ပိုပြီးတည်ငြိမ်သွားတယ်။ ဒါတွေဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီအချိန်မှာ ငွေစက္ကူနှစ်သောင်းတန်အသစ်ထုတ်ဝေတဲ့အခါမှာ ဒီဟာကိုတည်ငြိမ်အောင် ကောလာဟလအနေနဲ့ ထပ်ဆင့်ထုတ်လွှင့်ပြီး လုပ်ဆောင်နေတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အရေးကြီးတာက ပြည်သူလူထုအနေကို အသိပေးချင်တာ၊ အာမခံချက်ပေးချင်တာပဲဖြစ်ပါတယ်။ ဗဟိုဘဏ်ကထုတ်ပြန်တဲ့ ဒီနေ့မနက် ၉ နာရီလောက်မှာ ဗဟိုဘဏ်ကအမေးအဖြေနဲ့ ထုတ်ပြန်ချက်ကပြည့်စုံပါတယ်။

ဒါပေမဲ့ နည်းပညာပိုင်းဆိုင်ရာအသုံးအနှုန်းတွေပါတဲ့အတွက် ပြည်သူလူထုအနေနဲ့ ရှင်းရှင်းလင်းလင်းနားလည်ချင်မှ နားလည်ပါလိမ့်မယ်။ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့အသိပေးလိုတာရှိပါတယ်။ နံပါတ်(၁)အချက်အနေနဲ့သိထားရမှာက ဒီငွေစက္ကူအသစ်ကျပ်နှစ်သောင်းတန်က အလုံးအရင်းနဲ့ထုတ်တဲ့ ပိုက်ဆံမဟုတ်ပါဘူး။ အထိမ်းအမှတ်အနေနဲ့ထုတ်လိုက်တဲ့ ငွေစက္ကူပဲဖြစ်တယ်။ အခြားနိုင်ငံတွေမှာလဲ ဒီလိုအထိမ်းအမှတ်အနေနဲ့ထုတ်တဲ့ ငွေစက္ကူတွေရှိခဲ့ဖူးတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ငွေစက္ကူကို အထိမ်းအမှတ်အနေနဲ့ထုတ်လုပ်ခဲ့တာမရှိခဲ့ပါဘူး။ ဒါပေမဲ့ (၇၅)နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးနေ့တုန်းကတော့ အထိမ်းအမှတ်အနေနဲ့ ရွှေဒင်္ဂါးပြားတွေထုတ်ဝေခဲ့တာရှိပါတယ်။ အဲဒီအချိန်တုန်းကလဲ သတ်မှတ်ထားတဲ့ ငွေကြေးပမာဏပေးပြီး ဝယ်လို့ရတယ်ဆိုပေမယ့် များများစားစားဝယ်လို့ရတာမဟုတ်ပါဘူး။ အခုကိစ္စမှာလဲ ဒီလိုပါပဲအတူတူပါပဲ။ ကျွန်တော်ပြောချင်တဲ့နောက်တစ်ချက်က ဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်ထဲမှာပါပါတယ်။ ဒီငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်က အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ငွေစက္ကူဖြစ်တဲ့အတွက် အဲဒီပိုက်ဆံနဲ့တန်ဖိုးတူညီတဲ့ငွေပမာဏကို ဘဏ်ကိုသွားသွင်းမှ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်ကိုထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီလိုထုတ်ပေးတဲ့နေရာမှာလဲ အကန့်အသတ်ရှိပါတယ်။ ဘဏ်ကိုသွားပြီး အခုထုတ်လိုက်တဲ့ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ် သိန်းတစ်ရာလိုချင်လို့ဆိုပြီး ကိုယ့်ရဲ့ငွေစက္ကူအဟောင်း သိန်းတစ်ရာနဲ့သွားပြီးလဲရင်လည်း သိန်းတစ်ရာ ထုတ်မပေးနိုင်ပါဘူး။ တစ်ဦးကိုသုံးရွက်ပဲထုတ်ပေးမှာဖြစ်ပါတယ်။အဲဒီသုံးရွက်ကိုလည်း အလကားထုတ်ပေးမှာမဟုတ်ပါဘူး။ မြန်မာစကားပုံနဲ့အားလုံးနားလည်အောင်လွယ်လွယ်ပြောရမယ်ဆိုရင် ဆန်ပေးမှ ဆီရမယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ ဒီငွေစက္ကူတွေကိုလဲ ငွေစက္ကူအဟောင်းနဲ့လဲလှယ်နိုင်အောင်လုပ်တာဖြစ်ပါတယ်။ လာရောက်လဲလှယ်တဲ့ ငွေစက္ကူအဟောင်းတွေကိုလဲ ဗဟိုဘဏ်ကအကုန်လုံးဖျက်ဆီးပစ်လိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ငွေရေးကြေးရေးဈေးကွက်ထဲမှာ ဒီငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်တွေအလုံးအရင်းနဲ့ ဝင်ရောက်လာဖို့ဆိုတဲ့ကိစ္စက လုံးဝမဖြစ်နိုင်ပါဘူး၊ ဖြစ်လဲမဖြစ်ပါဘူးလို့ အာမခံပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဆိုတာမဖြစ်နိုင်ပါဘူး။မတည်ငြိမ်အောင်ကောလာဟလတွေ ထုတ်လွှင့်နေတာပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ မှာ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အာမခံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့လဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို လက်ခံထားတဲ့အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ ၃၆(ဃ)မှာပါတဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဆိုတဲ့အချက်နဲ့ ပုဒ်မ ၃၆(စ)မှာပါတဲ့ တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဆိုတဲ့အချက်တွေနဲ့အာမခံပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခင်က တရားဝင်ထုတ်ဝေထားပြီး တရားဝင်အသုံးပြုနေတဲ့ ငွေကြေးတွေကိုတရားမဝင်ငွေကြေးအဖြစ် ဘယ်တော့မှသတ်မှတ်မှာမဟုတ်ပါဘူး။ ဒါကိုလဲ အာမခံချက်ပေးလိုပါတယ်။ နောက်ဆုံးအနေနဲ့ အသိပေးပြောကြားလိုတာကတော့ အခုလက်ရှိဖြစ်ပေါ်နေတဲ့ကောလာဟလတွေထုတ်လွှင့်ဖို့အတွက် အချိန်ကိုက်ဆောင်ရွက်နေတာဖြစ်တယ်။ အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဒီအခြေအနေတွေကိုကောင်းစွာထိန်းသိမ်းနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူလူထုကိုအသိပေးပြောကြားလိုတာကတော့ ပြည်သူလူထုအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ မိမိတို့ရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုလုပ်ကိုင်နိုင်ကြောင်း ကျွန်တော်တို့အနေနဲ့အာမခံပါတယ်လို့ပြောချင်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဇူလိုင် ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ဇူလိုင် ၂၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၉၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၉၈၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၇၇၃ ဦး |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါထက်သန်မှုဖြင့် တည်ဆောက်ပြီးစီးတော့မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်



ဘုန်းမောင်ဝင်း(ဖျာပုံ)

ကျင်းပပြုလုပ်သည်။ အခမ်းအနားသို့ ယာယီသမ္မတဦးမြင့်ဆွေနှင့်ဇနီး၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲက ရှင်းလင်းပြောကြားမှုအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာကြသဖြင့်

**မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာ ရဟန်းရှင်လူတို့က ယုံကြည်သဒ္ဓါကြည်ညိုစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်မှုမှာ ခေတ်ကာလပေါင်းမြောက်မြားစွာ၊ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလများအတွင်း ဗုဒ္ဓသာသနာတော်ကို အထူးချီးမြှင့်မြှောက်စားကာ အထောက်အပံ့ပြုကြသောဘုရင်များ၊ အုပ်ချုပ်သူများလက်ထက်တွင် ဘာသာသာသနာသည် ပိုမိုတိုးတက်ထွန်းကားပြန့်ပွားလျက်ရှိသည်။**

မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာ၏ သတ္တဝါဝေနေယျအားလုံးအတွက် အသက်ခန္ဓာမှစ၍အရာအားလုံးကို အကြွင်းမဲ့စွန့်လွှတ်နိုင်မှု၊ အကြွင်းမဲ့စိတ်ထားမြင့်မြတ်မှု၊ အကျင့်သိက္ခာအကြွင်းမဲ့မြင့်မားမှု၊ သူတစ်ပါးအကျိုး၊ သတ္တဝါဝေနေယျတို့အကျိုးကို အကြွင်းမဲ့ ဆောင်နိုင်မှု၊ အကြွင်းမဲ့ရဲစွမ်းသတ္တိရှိမှု၊ အကြွင်းမဲ့ခေါင်းဆောင်ပီသမှု၊ အကြွင်းမဲ့ ဝီရိယရှိမှု၊ အကြွင်းမဲ့သည်းခံနိုင်မှု၊ အကြွင်းမဲ့တည်ကြည်မှု၊ အကြွင်းမဲ့ပညာရှိမှု စသောတုနှိုင်းမမီ အကြွင်းမဲ့ဂုဏ်ရည်တို့မှာလူသားတို့အတွက်ကြည်ညိုမဆုံးဖြစ်ကြရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ သာသနာရေးဆိုင်ရာအခမ်းအနားမှန်သမျှတွင် "နမောတဿ" သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားဖွင့်လှစ်ကြသကဲ့သို့ အခမ်းအနားပြီးမြောက်ခြင်းတွင်လည်း "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုကြသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာ ရဟန်းရှင်လူတို့က ယုံကြည်သဒ္ဓါကြည်ညိုစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်မှုမှာ ခေတ်ကာလပေါင်းမြောက်မြားစွာ၊ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလများအတွင်း ဗုဒ္ဓသာသနာတော်ကို အထူးချီးမြှင့်မြှောက်စားကာ အထောက်အပံ့ပြုကြသောဘုရင်များ၊ အုပ်ချုပ်သူများလက်ထက်တွင် ဘာသာသာသနာသည် ပိုမိုတိုးတက်ထွန်းကား ပြန့်ပွားလျက်ရှိသည်။ ယနေ့တိုင်မြန်မာတို့အတုယူလေးစားရသော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားဘုရင်မင်းမြတ်တို့သည်လည်း ဗုဒ္ဓသာသနာတော်ကိုအထူးပင်ချီးမြှင့်ထောက်ပံ့ခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းကြီးလက်ထက်တွင် ပဉ္စမအကြိမ်သင်္ဂါယနာတင်ခဲ့သလို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာသာသနာတော်သည် မြန်မာနိုင်ငံတွင် ခြေခြေမြစ်မြစ်ခိုင်ခိုင်မာမာတည်တံ့လျက်ရှိသည်။ ရှေးမြန်မာမင်းများ၊ အုပ်ချုပ်သူများအဆက်ဆက်ကသက်တော်ထင်ရှား မြတ်စွာဘုရားကိုရည်မှန်းလျက် ဘုရား၊ စေတီ၊ သိမ်၊ ကျောင်းများတည်ထားကြသည်။ ယနေ့တိုင်ထင်ထင်ရှားရှားတွေ့မြင်နေရသည်မှာ မြန်မာတို့၏ စေတနာသဒ္ဓါတရားထက်သန်မှုကို ဖော်ညွှန်းပြခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဦးဆောင်ဘုရားဒါယကာအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားကိုးကွယ်လျက်ရှိသည်။ ထိုသို့တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသခြင်းအခမ်းအနားကို သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အတွက်ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နေသည့်အခြေအနေများကို ဇွန်လ ၂၉ ရက်နေ့တွင် ပထမအကြိမ်အဖြစ် သာသနာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့်ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကိုရှင်းလင်းပြသခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ရှင်းလင်းပြသမှုအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကိုပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလက်ခံရယူသည်။ အခမ်းအနား တက်ရောက်လာကြသူများက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ)ဖြစ်ပါသည်။

ထို့နောက် ကျေးဇူးတင်စကားပြောကြားရာတွင် "ယခုအခမ်းအနားကိုအချိန်နှင့်နေရာကန့်သတ်ချက်များကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုများနှင့်ပတ်သက်၍ သဒ္ဓါတရားထက်သန်မှုများဖြင့် လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အဆောက်အဦများအလိုက်လှူဒါန်းခဲ့သည့် အလှူရှင်များ၏ အမည်များကိုလည်း ကျောက်ချပ်များပေါ်တွင် ရေးထိုး၍ ကမ္ပည်းမှတ်တမ်းထားရှိပေးမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ပမာဏကြီးမားပြီး လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ထို့ကြောင့် ယခုတစ်ခဏအချိန်အတွင်း သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း" ဖြင့်ပြောကြားခဲ့သည်။

ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။ ယင်းနောက် ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ဤသည်မှာ ဒုတိယအကြိမ်ရှင်းလင်းပြောကြားခြင်း အခမ်းအနားဖြစ်သည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၂၃ ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသခြင်းအခမ်းအနားကို အဆိုပါမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ သာသနာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်အလှူရှင်များ၊ မိတ်ဖက်ကုမ္ပဏီများမှအလှူရှင်များနှင့် ဖိတ်ကြားထားသည့်

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။ ယခုတက်ရောက်လာကြသူများမှာ အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများဖြစ်သည့်အတွက် အသိပေးသင့်သည်ဟုယူဆ၍ အသေးစိတ်ရှင်းလင်းပြသပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ရှင်းလင်းပြသမှုအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကိုပေးအပ်လှူဒါန်းကြသည်။ အလှူငွေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ အခမ်းအနားသို့တက်ရောက်လာကြသူများ၏လှူဒါန်းမှုအနေဖြင့် စေတနာရှင်အလှူရှင် ၃၇၇ ဦးမှ လှူဒါန်းငွေကျပ် ၁၇၄၁၅ သန်း(၁၇ ဒသမ ၄၁၅ ဘီလီယံ)လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်တွင်တည်ထားလျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာမကြာမီကာလတွင် အနေကဇာတင်ကာ ရဟန်းရှင်လူပြည်သူအများဖူးမြော်ခွင့်ရရှိတော့မည်ဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျောက်စာရုံစေတီများ၊ မာရဝိဇယကျောင်းတော်၊ သာသနဗိမာန်တော်ကြီး(အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး)၊ သံဃာတော်များနားနေဆောင်၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရားများ၊ မဟာရံတံတိုင်း၊ မော်ကွန်းတိုက်၊ အဝင်မုခ်ဦး၊ ရွှေလှားစက်လှေကား၊ ဂေါပကအဖွဲ့ရုံးတို့ကို ပိဋကတ်တော်လာအဆိုအမိန့်များနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီးတည်ထားကိုးကွယ်ခြင်း၏ရည်ရွယ်ချက်များမှာလည်း လူသားအားလုံးကောင်းကျိုးကို ရှေးရှုခြင်းဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ခြင်းနှင့် ပတ်သက်၍ **"မြန်မာနိုင်ငံတွင်ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်"** စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကိုလည်း ဇူလိုင်လ ၂၁ ရက်မွန်းလွဲပိုင်းက မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားသတင်းထောက်တစ်ဦး၏မေးခွန်းမှာစိတ်ဝင်စားဖွယ်ကောင်းပါသည်။ သူ၏မေးခွန်းမှာအများပြည်သူများလည်းသိသင့်ပါသည်။ မေးခွန်းမှာ ယခုတည်ဆောက်ပြီးစီးတော့မည်ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်မှုများနှင့်ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာငွေကြေးသုံးစွဲမှုများမှာ နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်ခြင်းလား၊ ပြည်သူလူထုလှူဒါန်းမှုဖြင့် ဆောင်ရွက်ခြင်းလားဆိုသည့်မေးခွန်းဖြစ်သည်။ စာရေးသူမှတ်သားမိသမျှ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၏ ပြန်လည်ဖြေကြားမှုကိုဖော်ပြလိုပါသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ပထမဦးဆုံးပြောကြားလိုသည်မှာ ထိုစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းမဟုတ်ကြောင်း ထိုစီမံကိန်းသည် Anglo Mining Co.,Ltd. ကနေ ရွှေဖောင်ဒေးရှင်းကိုလှူခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ၂၀၁၇ ခုနှစ်တွင် မူလအလှူရှင်များက တပ်မတော်ကိုယုံကြည်စွာနဲ့ အပ်နှံခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ယခင်ကတည်းကတိုင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ စီမံမှုနှင့်ရဟန်းရှင်လူပြည်သူလူထုများ၊ အဖွဲ့အစည်းများရဲ့ စုပေါင်းအလှူဖြစ်ကြောင်း၊ မီဒီယာများလေ့လာသည့်အခါ တွေ့ရမှာဖြစ်ကြောင်း၊ ကျောက်စာရုံစေတီများတွင် ပိုထင်ရှားကြောင်း၊ ကျောက်စာရုံစေတီများတွင် အလှူရှင်တစ်ဦးချင်းရဲ့ နာမည်များကို ကမ္ပည်းများထိုးထားကြောင်း၊ အလှူရှင်တစ်ဦးချင်းစီရဲ့ ကမ္ပည်းကိုကြည့်လျှင် ပိုသိနိုင်ကြောင်း၊ မြန်မာပြည်သူထဲတွင် ရဟန်းသံဃာ၊ သီလရှင်များပါ ပါကြောင်း၊ တချို့ဆက်စပ်လုပ်ငန်းများထဲတွင် ဇောမိပင်အပင် ၁၀၀၀ ကို မန္တလေး၊ ပြင်ဦးလွင်တွင်ရှိသည့်သီလရှင်ဆရာလေးများက ၎င်းတို့ကိုယ်တိုင်လာပြီး စိုက်ပျိုးထားတာရှိကြောင်း၊ အကုန်လုံးက မြန်မာပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအလှူဖြစ်သည်ဟု ပြောလိုကြောင်း၊ တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံး၊ အဖွဲ့အစည်းအားလုံးရဲ့ စုပေါင်းအလှူဖြစ်ကြောင်း၊ ယင်းစုပေါင်းအလှူကနေ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုထားခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ထိုသို့ဖြေကြားခြင်းကို ကြည့်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံရှိ ခုနစ်ရက်သားသမီးဒါယကာ၊ ဒါယိကာမများ၏ ဖြူစင်သောသဒ္ဓါတရားကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်နိုင်ခြင်းဖြစ်သည်။ သဒ္ဓါဆိုသည်မှာ လိုလားကြည်ဖြူခြင်း၊ သဒ္ဓါပေါက်ဆိုသည်မှာ ပေးကမ်းလှူဒါန်းလိုသောစေတနာပေါ် ပေါက်ခြင်းဖြစ်သည်။ သဒ္ဓါဆိုသည်မှာ ဖန်တီးယူ၍၊ တိုက်တွန်းယူ၍၊ ခြိမ်းခြောက်ယူ၍မရပေ။ အလှူပြုလိုသောပုဂ္ဂိုလ်၏ စိတ်သန္တာန်တွင် ကောင်းမွန်ပြည့်စုံသော အခြင်းအရာတို့ကို ခံစားမိ၍ ပေါ်ပေါက်လာသောစိတ်ဖြစ်သည်။ သဒ္ဓါတရားသည် ဗုဒ္ဓသာသနာတော်၌ ကုသိုလ်တရားတို့၏ အုတ်မြစ်ချ၊ မူလတရားကြီးဖြစ်လေသည်။ အလုံးစုံသော ကုသိုလ်တရားတို့၏အရင်းအမြစ်လည်းဖြစ်သည်။ ရေသောက်မြစ်ရှိမှ သစ်ပင်တို့သည် ထက်သန်စွာကြီးထွားနိုင်သကဲ့သို့ ထိုနည်းတူစွာ သဒ္ဓါတရားတည်းဟူသော ရေသောက်မြစ်ကြီးကျယ်ခိုင်ခံ့ပါမှ သာသနာတော်၌ ကုသိုလ်တရားတိုးပွားကြီးမားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သဒ္ဓါတရားသည် သာသနာတော်တွင် လိုရင်းအကျဆုံးဖြစ်သည်ဟုဆိုထိုက်ပေသည်။

မြန်မာနိုင်ငံသည်ဗုဒ္ဓဘာသာသာသနာတော်ကို အထူးသက်ဝင်ယုံကြည်သူများနေထိုင်သည့်နိုင်ငံ ဖြစ်သည့်အတွက် အလှူအတန်းပြုမှုတွင် ရက်ရက်ရောရော သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြသည်။ ဤမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်၍လည်း ပြည်သူများ၏လှူဒါန်းမှုမှာ အံ့မခန်းဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် စည်ကားခမ်းနားစွာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များထီးတော်တင်လှူခြင်းနှင့်ရေစက်ချအခမ်းအနားကို ကျင်းပမည်ဖြစ်ပေရာ အများပြည်သူများမကြာမီကာလတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုရှိခိုးပူဇော်ကာ ဖူးမြော်နိုင်တော့မည်ဖြစ်ပါသည်။ ထို့အတူ တိုင်းသူပြည်သားရဟန်းရှင်လူပြည်သူများ စေတနာသဒ္ဓါထက်သန်စွာလှူဒါန်းမှုများကို ပိုမိုတွေ့မြင်ရတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများကအလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသောအီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟုပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay? Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရှင်မဟာရဋ္ဌသာရ၏ ဝလုံးကလေးများ

မောင်ခင်မင်(ဓနုဖြူ)

စာပေရေးဖွဲ့ရာတွင် ဘာသာစကားဖြင့် ရေးဖွဲ့ရသည်။ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း၊ အတ္ထုပ္ပတ္တိစသည်ဖြင့် မည်သည့်စာပေကိုရေးဖွဲ့လျှင်ဖြစ်စေ ဘာသာစကားကိုအသုံးပြု၍ ရေးဖွဲ့ရမြဲဖြစ်သည်။ "စာပေဟူသည် ကောင်းစွာအသုံးပြုထားသော ဘာသာစကားဖြစ်သည်"ဟူသော ဖွင့်ဆိုချက်၊ "စာပေဟူသည် ဖန်တီးသုံးနှုန်းသော ဘာသာစကားအသုံးပင်ဖြစ်သည်" ဟူသော ဖွင့်ဆိုချက်များက စာပေရေးဖွဲ့ရာတွင် အရင်းခံကုန်ကြမ်းအဖြစ် အသုံးပြုရသောပစ္စည်းမှာ ဘာသာစကားဖြစ်ကြောင်း ဖော်ပြနေသည်။

ထိုသဘောနှင့်အညီ မြန်မာစာဆိုတို့သည် မြန်မာဘာသာစကားများကိုအသုံးပြု၍ မြန်မာစာပေများကို ရေးဖွဲ့ခဲ့ကြသည်မှာ မြန်မာစာပေါ်စကတည်းကဖြစ်သည်။ စာပေကို လှလှပပဖြစ်အောင်၊ နှစ်သက်စရာကောင်းအောင်ဖွဲ့ရာ၌ အရင်းခံဖြစ်သော ဘာသာစကားကိုလည်း လှလှပပအသုံးပြုကြသည်။ ကဗျာစာဆိုတို့သည် မြန်မာစကားသံများကို လှပစွာအဆင်အကွက်ဖော်ပြီး ကဗျာအလှကွက်များဖန်တီးခဲ့ကြရာ ထိုသို့သော ကဗျာစာဆိုများတွင် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရသည် ရှေ့ဆောင်လမ်းပြစာဆိုဖြစ်သည်။

ရှင်မဟာရဋ္ဌသာရသည် ပျို့ရှယ်စဉ်အခါက မြန်မာစကားသံများကို အမျိုးမျိုးကစားကာ ရတုများကို လှလှပပအကွက်ဖော်ခဲ့ရာ ထိုရတုများကို ခေတ်အဆက်ဆက်နှစ်သက်ကြသည်။

"မြတ်မျိုးမြင့်မှန်"အစချီ မယ်ဘွဲ့ဧကပိုဒ်ရတုတွင် "မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍၊ ရွှယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊ နတ်နှင့်နှုန်းနှန်း၊ ဝင်းငြိမ့်ရွှန်း၍" စသည်ဖြင့် ဗျည်းသံတူလေးလုံးတွဲများကို တစ်ပါဒစီခြားကာ အလှည့်အကျဖွဲ့ပြီးနောက် အဆုံးတွင် "လွမ်းလင့်လွန်လှည့်လေလိမ့်လော"ဟူ၍ ဗျည်းသံ တူခုနစ်လုံးဖြင့် ချသည်။ "ပုလဲတစ်တန့်၊ သန္တာတစ်တန့်"ဟူ၍ အမည်တွင်သောအဖွဲ့ဖြစ်သည်။

"ရွှယ်ရန်ငွေ့၍"အစချီမယ်ဘွဲ့ဧကပိုဒ်ရတုတွင် "ရွှယ်ရန်ငွေ့၍၊ ရန်းလေ့ရာဘိ၊ ရဲရဲညီမျှ၊ ရဝိကန္တ၊ ရတနသို့"စသည်ဖြင့် "ရ"ဗျည်းသံများ ဆက်ကာဆက်ကာဖွဲ့ပြီး အဆုံးတွင် "ရွှယ်ရန်ရည်ရွှေရှာသော်ဝ"ဟူ၍"ရ"များဖြင့် ပင်ချသည်။ "မုတ္တာရွဲသီ"ရတုဟုအမည်တွင်သည်။

"ဆင်းလှဆင်းထွတ်"ချီ မယ်ဘွဲ့ပိုဒ်စုံရတုတွင် "ဆင်းလှဆင်းထွတ်၊ ဆင်းလွတ်လှမော၊ တူလျော တူဖက်၊ တူစက်ပြိုင်အံ့၊" "ဖက်ချစ်ရမ်းချစ်၊ တမ်းချစ်ချစ်ပျော်၊ ယှဉ်ဖော်ယှဉ်စုံ၊ ယှဉ်နွဲ့တုံ၍၊" "စံတုစံကင်း၊ တုကင်းတုမဲ့၊ ရှိမ်းလဲ့ရှိမ်းညို၊ ရှိမ်းပျိုပြာချော" ဟူ၍ ဗျည်းသံတူများ နှစ်ကြိမ်၊ သုံးကြိမ်ထပ်ကာ ရေးဖွဲ့ပြီး အဆုံးတွင် "အလှနဂို၊ လဲ့ရှိမ်းညိုသို့၊ လျှောက်ဆိုဆက်သည်၊ သန်လျက်ချနည်း စာတကား" ဟု ရေးဖွဲ့သဖြင့် ထိုအဖွဲ့ကို "သန်လျက်ချနည်း"ဟု စာဆိုက အမည်ပေးကြောင်း သိရသည်။

"ချစ်စုံမက်၍" အစချီမောင်ဘွဲ့ပိုဒ်စုံရတုတွင် "ချစ်စုံမက်၍၊ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊ ရဲအားမြောက်ခေါင်၊ ချစ်ဆွေမောင်လျှင်" စသည်ဖြင့် "ချစ်"ဟူသော စကားလုံးကို တစ်ပါဒစီခြားကာ ပါဒအစများတွင်ဖွဲ့သည်။ "ပဒုမ္မာကြာဆိုနည်း" ဟု အမည်တွင်သည်။

"ဝဏ္ဏပဘာ အစချီမယ်ဘွဲ့ပိုဒ်စုံရတုတွင် ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား"စသည်ဖြင့် လေးလုံးတစ်ပိုဒ်၊ ငါးလုံးတစ်ပိုဒ် တစ်လှည့်စီဖွဲ့ထားသည်။ ပိုးတောင့်တဲကလေးများ ကိုယ်ကိုတွန့်ချည်၊ ဖောင်းချည်ပြု၍သွားသည့်ပုံနှင့် တူသည့်သဘောဖြင့် "တောင့်တဲတွန့်"အဖွဲ့ဟု အမည်တွင်သည်။

ရတုအမည်အားလုံးကို ရှင်မဟာရဋ္ဌသာရကိုယ်တိုင်ကပင်ပေးခဲ့သလား။ နှောင်းခေတ်ပုဂ္ဂိုလ်များက ပေးခဲ့သလားဟု အသေအချာမပြောနိုင်ပါ။ သို့သော် စာဆိုပျို့ရှယ်ချိန်က အဆန်းတကြယ်တီထွင်ရေးဖွဲ့သော အဖွဲ့များအဖြစ် နှစ်သက်စရာကောင်းပါသည်။ အသံတူအသံကွဲစကားလုံးကလေးများ လှပစွာရက်ဖောက်ထားသော အလှကွက်ကလေးများဖြစ်ပါသည်။

သို့သော် ထိုအဖွဲ့များတွင် အသံတူစကားလုံးများကို ရအောင်တွဲစပ်ကာ တမင်ဖန်တီးရေးဖွဲ့ထားခြင်းဖြစ်သည့်အတွက် စကားလုံးများက အဓိပ္ပာယ်ထက်ပို၍အရေးပါသလိုဖြစ်နေသည်။ အဓိပ္ပာယ်ကိုမူတည်ပြီး စကားလုံးရှာသည့်သဘောမဟုတ်ဘဲ စကားလုံးကိုမူတည်ပြီး စကားလုံးနောက်သို့ အဓိပ္ပာယ်လိုက်ရသည့်သဘောဖြစ်နေသည်။ လှပင်လှသော်လည်း လေးနက်မှုမရှိလှပါ။ "စကားလုံးထောင်ချောက်"ထဲသို့ အဓိပ္ပာယ်တွေကျသွားသည့် သဘောဖြစ်နေကြောင်း အချို့ပညာရှင်များက ဆိုပါသည်။

စာဆိုရှင်မဟာရဋ္ဌသာရ အသက် ၆၁ နှစ်အရွယ် သက္ကရာဇ် ၈၉၁ ခုတွင်ရေးဖွဲ့သော သံဝရပျို့တွင်မူ ပျို့ရှယ်စဉ်ကရေးဖွဲ့သော ရတုများကဲ့သို့ "စကားလုံးနောက်သို့ အဓိပ္ပာယ်လိုက်သည့်"အဖွဲ့မျိုးမဟုတ်ဘဲ စကားလုံးနှင့်အဓိပ္ပာယ်တို့ လှလှပပဆက်စပ်ဖွဲ့ယှက်နေသောအဖွဲ့တစ်ခုကို တွေ့ရပါသည်။ ပုံသဏ္ဌာန်အလှရော အဓိပ္ပာယ်အလှပါ အလေးအနက်ဖွဲ့ယှက်နေသည့်အဖွဲ့ဖြစ်ပါသည်။

သံဝရပျို့အရင်းခံရာ ငါးရာ့ငါးဆယ်ဇာတ်ဒသနိပါတ်၊ သံဝရဇာတ်တွင် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း၏ သားတော်တစ်ရာတွင် အငယ်ဆုံးဖြစ်သော သံဝရမင်းသားသည် ဆရာဖြစ်သော ဘုရားလောင်းအမတ်ကြီး၏ အကြံပေးလမ်းညွှန်ချက်ကိုနာယူ၍ တိုင်းသူပြည်သားများကိုစည်းရုံးကာ နိုင်ငံသာယာအောင်ဆောင်ရွက်သဖြင့် ခမည်းတော်က အဝေးမြို့များမှာ မြို့စား၊ ရွာစားအဖြစ်ရောက်နေသော သားတော်ကြီးများကိုကျော်၍ သံဝရမင်းသားကို ထီးနန်းလွှဲအပ်ပြီး နတ်ရွာစံသွားရာ နောင်တော်များမကျေနပ်၍ ဗာရာဏသီပြည်ကို လာဝိုင်းကြသောအခါ သံဝရမင်းသားက တိုင်းပြည်သာယာဝပြောအောင် မိမိဆောင်ရွက်ပုံများကို ပြောဆိုရှင်းပြပုံများပါဝင်သည်။ ရှင်မဟာရဋ္ဌသာရသည် သံဝရပျို့တွင် ထိုအခန်းကိုရေးဖွဲ့ရာ၌ နိုင်ငံဝပြောပုံကို သင်္ကေတပြုသည့်အနေဖြင့် ပျို့ပိုဒ်ရေ ၁၁ ပိုဒ်၏အဆုံးသတ်ပါဒများကို "ဝဆွဲ"ပါသော စာလုံးများဖြင့်ချည်း အဆုံးချထားသည်ကို ဤသို့တွေ့ရပါသည်။


ပေးထ မငြီးငွေ့သတည်း။
ပေးထွေရမ်းရမ်း လွေ့သတည်း။
အလွန် နက်သိမ်မွေ့သတည်း။
လွဲသွေမကောက်ကွေ့သတည်း။
မီးပွားမခုန် ဆွေ့သတည်း။
နေရှိန်ပန်းနှယ် သွေ့သတည်း။
စိတ်ပျော့မျဉ်းမျဉ်းခွေ့သတည်း။
စကားပြင်မရွေ့သတည်း။
ခုံငြင်းရန်မတွေ့သတည်း။
မျက်နှာရှုဋ္ဌနှယ် စွေ့သတည်း။
ရဲဆုတစ်လက် ပွေ့သတည်း။

(အပိုဒ် ၁၅၄ မှ ၁၆၄ အထိ)

အချပိုဒ်များကိုကြည့်လျှင် "ငွေ့၊ လွေ့၊ မွေ့၊ ကွေ့၊ ဆွေ့၊ သွေ့၊ ခွေ့၊ ရွေ့၊ တွေ့၊ စွေ့၊ ပွေ့"ဟူ၍ ဝဆွဲ ၁၁ လုံးပါဝင်ကြောင်း တွေ့နိုင်ပါသည်။ ဆရာတော်သည် ဤသို့ရေးဖွဲ့ရသည့်အကြောင်းရင်းကို ပျို့အပိုဒ် ၁၆၅ တွင် အောက်ပါအတိုင်း ရေးဖွဲ့မိန့်ဆိုထားပါသည်။

"ပြည်ထဲပြည်လာ၊ ဝစိမ့်ငှာလျှင်၊ ဝသာအဆွဲ၊ ချခဲ့ပိုဒ်များ၊ ဆယ့်တစ်ပါးကို၊ မင်းသားသံဝရ၊ မိန့်ဟန်ပြ၏"ဟူ၍ဖြစ်သည်။

"တိုင်းပြည်သာယာဝပြောစိမ့်သောငှာ"ဟူသော အဓိပ္ပာယ်ကိုရည်ရွယ်လျက် ဝဆွဲပါသောစကားလုံးများကို သံဝရမင်းသားကမိန့်ဆိုဟန် ရေးဖွဲ့ထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ (မြန်မာစာတွင် ယခု ရေးဖွဲ့ပြသော သဝေထိုးဝဆွဲအောက်မြစ်စာလုံး ၁၁ မျိုးမှလွဲ၍ ဟထိုး၊ ရရစ်တို့မပါဘဲ ဝဆွဲသက်သက်ဖြင့် ရေးရသော ရေးထုံးမျိုးမရှိနိုင်ကြောင်းလည်း ဆရာတော်က မိန့်ဆိုထားပါသေးသည်။) "ဝပြောခြင်း"ဟူသော သဘောကို သင်္ကေတပြုသည့်အနေဖြင့် ဝဆွဲပါသော စကားလုံး ၁၀ လုံးကို ယခုကဲ့သို့ စေ့စေ့စပ်စပ်၊ အဓိပ္ပာယ်ရှိရှိ စုစည်းဖော်ပြလိုက်သော ဆရာတော်၏ ရည်ရွယ်ချက်မှာလေးနက်လှသည်နှင့်အမျှ ရေးဖွဲ့ပုံမှာလည်း ထူးခြားဆန်းသစ်လှပါသည်။




"ဝ"ဆိုသောအသံသည်နှုတ်ခမ်းကို ပြည့်ပြည့်ဝန်းဝန်းဝိုင်းပြီး ရွတ်ဆိုရသည့်အသံဖြစ်သည်။ ထို့အတူ "ဝ"ဆိုသောအက္ခရာစာလုံးသည် ပြည့်ပြည့်ဝန်းဝန်းဝိုင်းနေအောင် ရေးဆွဲသည့်အက္ခရာစာလုံးဖြစ်သည်။ ထိုအသံ၊ ထိုစာလုံးတို့၏အဓိပ္ပာယ်မှာလည်း "ပြည့်ဝခြင်း"ဟူသော အဓိပ္ပာယ်ဖြစ်သည်။ သို့ဖြင့် "ဝ"ဆိုသောအသံသည်လည်းကောင်း၊ "ဝ"ဆိုသောအက္ခရာသည်လည်းကောင်း အသံထွက်ပုံ၊ ရေးဆွဲပုံတို့ကပင် လျှင်ပြည့်ဝခြင်း၊ ဝပြောခြင်းအဓိပ္ပာယ်ကိုဆောင်နေသည့်အတွက် ပြည့်ဝခြင်း၊ ဝပြောခြင်း၏သင်္ကေတအဖြစ် ထင်ရှားပြီးဖြစ်ပါသည်။ ဆရာတော်သည် ထိုသဘောကို သိသိမှတ်မှတ်နှလုံးသွင်းလျက် "အသံ၊ အရေး၊ အနက်အဓိပ္ပာယ်"ဟူသော အင်္ဂါသုံးရပ်ကိုတစ်သားတည်းပေါင်းဖွဲ့ကာ အလေးအနက် ရေးဖွဲ့လိုက်ခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ။

## ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ဒီရေတောပင်များ စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၄

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ၂၀၂၃ ခုနှစ် ဒီရေတောပင်များစိုက်ပျိုးပွဲနှင့် ကမ်းခြေသန့်ရှင်းရေးလုပ်အားပေးပွဲကို သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် မြစ်ကမ်းနားတစ်လျှောက်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ကြသည်။

**ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် မြစ်ကမ်းနားတစ်လျှောက်တွင် အရာရှိ၊ စစ်သည်များက ဒီရေတောသင်များဖြစ်သည့် လမုပင်၊ ဓနိပင်များ စိုက်ပျိုးမှုကို တွေ့ရစဉ်။**

ဒီရေတောပင်များ စိုက်ပျိုးပွဲတွင် လမုပင်နှင့် ဓနိပင်စုစုပေါင်းအပင် ၇၀၀ စိုက်ပျိုးခဲ့ပြီး မြစ်ကမ်းနားတစ်လျှောက်တွင် ကမ်းခြေသန့်ရှင်းရေးအတွက် အမှိုက်ကောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၅-၇-၂၀၂၃ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | ဖတ်သမျှ မှတ်သမျှ |
| ၂။ | ၁၃း၃၀ | Live For You |
| ၃။ | ၁၅း၃၅ | Opposite Song |
| ၄။ | ၁၈း၂၀ | Online Request Song |
| ၅။ | ၂၂း၀၀ | I Music For Tonight |

# ဆင်ကော်နှင့်ဆင်ခြင်မှု

စိုးစိုး(ရွှေမဲ)




(၁)

ယခုနှစ် ခွေရာသီသည် အလွန်ပူနေသည်ဟု စိတ်ထဲထင်မိသည်။ နေရထိုင်ရသည်မှာ အဆင်မပြေလှပေ။ လေကတိုက်၊ သစ်ရွက်တို့ကကြွေ၊ ကလေးများကဆူ၊ နားနှစ်ဖက်ကလည်း အူနေသည်။ အညာဒေသဖြစ်၍ ဖုန်များက တထောင်းထောင်း။ နေအပူရှိန်ပြင်းသောကြောင့် စိတ်ကတစ်ခုခုဆို ဒေါသဖြစ်လွယ်လာသည်။ ကဆွန်ကျေးရွာတွင်ရှိသော မူလတန်းကျောင်းလေးသို့ ယခုစာသင်နှစ်ကျမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ကျောင်းဆောင်က ထရံကာ၊ မျက်နှာကြက်မပါ၍ စာသင်ခန်းက အလွန်ပူနေသည်။ နံနက်ပိုင်း ကျောင်းဆောင်ပေါ်တွင် သင်ကြားရေးကို အစပြုပြီး မွန်းလွဲပိုင်းကျ သစ်ပင်ရိပ်အောက်တွင် စာသင်ကြား၍ တစ်နေ့တာသင်ကြားမှု အဆုံးသတ်ရသည်။ အိမ်နှင့်ကျောင်းက ဆိုင်ကယ်စီး၍ ငါးမိနစ်ခန့်အချိန်ကလေးအတွင်း ရောက်ရှိနိုင်သည်။ မိသားစုနှင့်အတူနေထိုင်လိုသည် ရည်ရွယ်ချက်ကြောင့် ကျောင်းပြောင်းလာခဲ့ခြင်းဖြစ်သည်။

"မင်္ဂလာပါ သားတို့၊ သမီးတို့"

"မင်္ဂလာပါ ဆရာကြီး"

နံနက်ခင်းလေးကို ကျွန်တော်နှင့် ချစ်တပည့်လေးတို့ မင်္ဂလာရှိစွာ နှုတ်ခွန်းဆက်သလိုက်ကြသည်။ သနပ်ခါးပါးကွက်ကျားနှင့် သူတို့လေးများ၏အလှက ရွှေရင်ကို အေးမြစေပြီး ကျက်သရေအဖြာဖြာလည်း လင်းလက်စေသည်။

"မိဘခေါ်ခိုင်းလိုက်တဲ့ ငါးယောက်က မိဘတွေ ပါလာကြပြီလား၊ ခေါ်ကော ခေါ်ခဲ့ရဲ့လား"

"ခေါ်ခဲ့ပါတယ် ဆရာကြီး"

"ခဏနေလာခဲ့မယ်တဲ့ ဆရာကြီး"

"နေ့လယ်ကျ လာခဲ့မယ်တဲ့ ဆရာကြီး"

တစ်ယောက်တစ်ခွန်းစီဖြင့် စာသင်ခန်းတစ်ခန်းလုံး ဆူညံပွက်လောရိုက်သွားသည်။ အတန်းရှိလူအကုန်လုံးတစ်ပြိုင်တည်းဖြေလျှင် မတွေးဝံ့စရာ။ ကျောင်းဖွင့်လာသည်မှာ တစ်လကျော်ကြာပြီဖြစ်သည်။ မိဘများကို ကိုယ့်သား၊ ကိုယ့်သမီး၏အခြေအနေများ ဆွေးနွေးတိုင်ပင်ရန် ခေါ်ခိုင်းလိုက်ခြင်းဖြစ်သည်။ စနစ်သစ်ပညာရေးအောင်မြင်ရန် မိဘတို့၏အကူအညီလည်း များစွာလိုအပ်ပေသည်။

"မိဘခေါ်ခိုင်းလိုက်တယ်ဆိုလို့ လာခဲ့တာပါ ဆရာကြီး"

"ဟုတ်ကဲ့ ထိုင်ပါအုံး ခင်ဗျ။ ဦးလေးရဲ့သမီးက စာမှာထူးချွန်သလို ပန်းချီမှာလဲ တော်တယ်။ အိမ်မှာ ပုံတွေလျှောက်ဆွဲရင် ဦးတို့က ဆူငေါက်တယ်ဆို"

"နံရံပေါ်မှာ ပုံတွေဆွဲလို့ပါ ဆရာကြီး"

"နံရံပေါ်မှာ ပုံမဆွဲဖို့ ကျွန်တော်မှာလိုက်ပါ့မယ်။ ဦးလေးတို့ကလဲ အိမ်မှာပုံဆွဲစာအုပ်တစ်အုပ် သတ်သတ်ဝယ်ထားပေးပါ။ ကလေးရဲ့ဝါသနာကို ကျွန်တော်တို့က ပံ့ပိုးပေးရလိမ့်မယ်။ ကျွန်တော်လဲ ပန်းချီပညာ အခြေခံတွေကို သင်ပေးနေပါတယ်။ ကလေးပန်းချီပြိုင်ပွဲတွေမှာလဲ သူ့လက်ရာပန်းချီပုံတွေ အလျဉ်းသင့်သလို ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ပံ့ပိုးပေးပါ့မယ်။ အခုလို မအားတဲ့ကြားက လာခဲ့ပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျ"

"မဟုတ်တာ ဆရာကြီး။ သမီးကို အခုလို ဂရုစိုက်ပေးတာနဲ့တင် ကျေးဇူးတင်လှပါပြီ။ လယ်တောသွားရမှာမို့ ပြန်လိုက်အုံးမယ်နော် ဆရာကြီး"

ကျောင်းက မိဘခေါ်သည်ဆိုလျှင် မိဘတိုင်းစိတ်ပူတတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ အေးဝတ်ရည်၏ မိဘများသည် သူတို့သမီးအတွက်ဆိုလျှင် အမြဲတမ်းထိပ်ဆုံးက။ ယခုလည်း ပထမဦးစွာ ရောက်လာခဲ့သည်။ ယခုလို မိဘများကြောင့်လည်း သင်ကြားရေးကို ပိုမိုထိရောက်အောင်မြင်စေသည်။

(၂)

"ဆရာကြီး ရွှေရတီ မနေ့ကညနေ ကျောင်းဆင်းတော့ ရုပ်ပုံပိုင်းမှာ ရုပ်ပုံထိုးနေတာတွေ့တယ်"

"သမီးလဲ တွေ့တယ် ဆရာကြီး"

သုတအောင်၏ပြောစကားကို အိဟေမာန်ကပါ ထောက်ခံနေသည်။ နှစ်ယောက်စလုံး၏ စကားလုံးများက နားထဲကို သံရည်ပူလောင်းထည့်လိုက်သည့်အလား။ ရင်ထဲမှာလည်း စူးခနဲ နာကျင်သောခံစားမှုကို ခံစားလိုက်ရသည်။ ရွှေရတီ့ကို ရုပ်ပုံမထိုးဖို့ ချော့တစ်လှည့်၊ ငေါက်တစ်ခါ။ ပုံပြင်များ၊ သာဓကများဖြင့် အကြိမ်ကြိမ်ဆုံးမထားသည်။ ဆုံးမသောအခါတွင်လည်း လောင်းကစားလုပ်ခြင်း၏ ဆိုးကျိုးကိုလက်တွေ့သက်သေပြပြီး ဆုံးမသည်။ ယခုတစ်ခါ သည်းခံနိုင်စရာ ခွန်အားမရှိပေ။ ထပ်ရှင်းပြစရာ စကားလုံးလည်း မရှိ။ သူ့ကိုလှမ်းကြည့်လိုက်သောအခါ ဦးခေါင်းကိုသာ ငုံ့ထားလေသည်။

"ရွှေရတီ ရှေ့ထွက်ခဲ့၊ ဟိုဘက်လှည့်စမ်း"

"ဖြောင်း ဖြောင်း ဖြောင်း"

"နောက် ရုပ်ပုံထိုးအုံးမလား"

"မထိုးတော့ပါဘူး ဆရာကြီး"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"အီး ဟီး ဟီး"

ရွှေရတီ့ထံက ဘာအကြောင်းပြချက်မှ နားမထောင်ချင်။ တုတ်ဖြင့် ခြေသလုံးပေါ်သို့ ရိုက်ချလိုက်မိသည်။ ဒေါသအရှိန်ဖြင့် လက်ကမလွှတ်ချင် ဆက်တိုက်ဆိုသလို ရိုက်မိသည်။ သူ့ထံမှ ငိုသံကြား၍ သတိဝင်လာသောအခါ တုတ်ကကျိုးနေပြီ။ ကိုယ်တိုင်လည်း အသားတို့ တဆတ်ဆတ်တုန်နေသည်။ ရင်ထဲ၌လည်း မွန်းကျပ်လွန်းပြီး အသက်ရှူ၍ပင် မဝပေ။ မှတ်မိသလောက်ဆိုရင် ၁၂ ချက်၊ ၁၃ ချက်လောက် ရိုက်မိသည်။ စောစောကကောင်းနေသော စိတ်ခံစားမှုတို့လည်း လေပူပူများ၏အငွေ့မှာလွင့်ပါ၍ ပျောက်ကွယ်ကုန်သည်။

ကလေးတို့သည် အဖြူစင်ဆုံးကလေးများဖြစ်၍ အရောင်ဆိုးရလွယ်ကူလှသည်။ သူတို့သည် အရာရာကို သင်ယူနေချိန်ဖြစ်သဖြင့် ပတ်ဝန်းကျင်ကြောင့် လမ်းမှားသွားနိုင်သည်။ ကမ္ဘာတစ်ဝန်း ကူးစက်ဖြစ်ပွားသည့် ကိုဗစ်ရောဂါကြောင့် စာသင်ကျောင်းများ ခေတ္တပိတ်ခဲ့ရကာ ကလေးများအပြင်၌ တစ်နှစ်၊ နှစ်နှစ် နေကြရသည်။ ပွဲလန့်တုန်းဖျာခင်းတတ်သည့် လောင်းကစားဝိုင်းတို့က ကျေးရွာများတွင် မှိုလိုပေါက်နေကြသည်။ ကျောင်းဘေး၌ပင် ဖဲဝိုင်း၊ ဂလုံးဂလုံးဝိုင်းနှင့် ရုပ်ပုံဝိုင်း စသည့်လောင်းကစားဝိုင်းများက အစီအရီ ရှိနေသည်။ ရုပ်ပုံဝိုင်းဆိုသည်မှာ မင်းသား၊ မင်းသမီး ၂၅ ယောက်ခန့်၏ပုံများကို ဗီနိုင်းဆွဲပြီး မြေကြီးပေါ်တွင် ခင်းကျင်းထားသည်။ ထိုထဲမှ ကိုယ်ထိုးချင်သော မင်းသား၊ မင်းသမီး၏ ရုပ်ပုံပေါ်ကို ပိုက်ဆံတင်ထိုးရသည်။ မဲလိပ်ကို တစ်ယောက်ကနှိုက်ပြီး မဲလိပ်ထဲမှာ ကိုယ်ထိုးသည့် မင်းသား၊ မင်းသမီးပုံဆိုရင် ပေါက်ပြီ။ ကျန်သော မင်းသား၊ မင်းသမီးပုံပေါ်တွင် ရှိသည့် ပိုက်ဆံများကို ဒိုင်က စားသည်။ ငွေကျပ် ၅၀ ဖိုးပေါက်လျှင် ငွေကျပ် ၁၀၅၀ အလျော်ရသည်။ ကလေးတို့သည် ထိုလောင်းကစားနည်းကို အထူးစိတ်ဝင်စားကြသည်။

ကိုဗစ်ကြောင့် ကလေးတို့၏အတန်းက ဒုတိယတန်း၊ အသက်များက တတိယတန်းနှင့် စတုတ္ထတန်းအရွယ်ကို ရောက်နေကြသည်။ အပြင်မှာ အနေကြာလာသဖြင့် ကလေးတို့၏ အပြောအဆိုများက ယခင်လို နားဝင်မချိုတော့ပေ။ ကလေးများ ဆဲဆိုတတ်လာသည်။ နှစ်နှစ်ခန့်ပြောဆိုလာသဖြင့် သူတို့၏နှုတ်မှာ အကျင့်တစ်ခုလို ဖြစ်လာသည်။ ထိုကိစ္စသည် ဆရာ၊ ဆရာမတိုင်း နေ့စဉ်ဖြေရှင်းရသော နောက်ထပ်ပြဿနာတစ်ခုလည်း ဖြစ်သည်။ နှုတ်က အပြောအဆို မကြမ်းဖို့ အကြိမ်ကြိမ်ဆုံးမ သတိပေးရသည်။ အချိန်အကြာကြီးပြောဆိုလာ၍ နောက်ပညာသင်နှစ်လောက်ရောက်ပါမှ ယခုလိုကြမ်းတမ်းသော အပြောအဆိုများ လုံးဝပျောက်ကွယ်နိုင်မည်။

(၃)

နေ့လယ် ထမင်းစားကျောင်းတက်သောအခါ အညာနွေသည် အသည်းခိုက်အောင်ပူကာ အစွမ်းပြလာသည်။ မကောင်းသည့် အစွဲအလမ်းတစ်ခုကြောင့် ကိုယ်တိုင်လည်း ဒုက္ခများနေရသည်။ အင်္ကျီဆိုလက်ရှည်ကိုမှ စွဲစွဲလမ်းလမ်း ဝတ်ဆင်တတ်သည်မှာ ကျောင်းသားဘဝကတည်းက ဖြစ်သည်။ နွေ၏အပူဒဏ်ကြောင့် ပူအိုက်နေသော်လည်း အင်္ကျီလက်ရှည်ကို မချွတ်လိုပေ။ စိန်ပန်းပင်ရိပ်အောက်တွင် ထိုင်နေသော်လည်း အေးမြသောခံစားမှု စိုးစဉ်းမျှမရ။

"ကျောင်းက မိဘခေါ်တယ်ဆိုလို့သာ ဆိုင်ပိတ်ပြီးလာရတာ အားတာမဟုတ်ဘူး ဆရာကြီးရေ"

သူရမောင်၏အမေ ပြောစကားကြောင့် ကိုယ်ကပဲ အားယားနေသလိုလို။ စိတ်ထဲ ခုသွားသော်လည်း အသံကိုနှိမ့်ပြီး ကိုယ်ဖြစ်ချင်သည်ကို ပြောရမည်။

"အန်တီရေ. . . သူရမောင်က ပထမတန်းစာတွေ မကျေသေးဘူး။ သူ့ကို တစ်လ၊ နှစ်လလောက် ပထမတန်းကို ခဏပို့ဖို့ပါ။ ပြီးတော့ အိမ်မှာလဲ မဖြစ်မနေစာကြည့်ဖို့ အန်တီတို့က ဂရုစိုက်ပေးစေချင်တယ်"

"ဆရာကြီးရယ် ကျွန်မတို့မှာ ဈေးရောင်း၊ အိမ်အလုပ်တွေလုပ်ရနဲ့ သူ့ကိုဂရုမစိုက်အားဘူး။ ဆရာကြီးတပည့်ကို ဆရာကြီးပဲ ဂရုစိုက်ပေးပါ"

"ကျွန်တော်က ကျောင်းမှာပဲ ပြောဆိုဆုံးမလို့ရမှာပေါ့။ အိမ်ထိလိုက်ပြီး ဂရုစိုက်မပေးနိုင်ဘူးလေ အန်တီ"

ဒေါသစိတ်က အဖြူရောင်ထဲကို အမည်းရောင် ရောချင်လာသည်။ စကားလုံးများ မညစ်ညမ်းသွားအောင် ထိန်းပြောနေရသည်။ သူရမောင်ဆိုသည်မှာလည်း ကျောင်းမှာဆို စာကျက်ခိုင်းလျှင် ကျက်သည်။ အိမ်မှာ စာလုပ်ဖို့ပေးလိုက်လျှင် အရေး၊ အဖတ်တစ်ခုမျှ လုပ်မလာပေ။ ရိုက်လည်း ရိုက်တာသာ အဖတ်တင်ရုံ ရှိသည်။ တုတ်ကျိုး၊ လက်ညောင်းရုံသာ ရှိမည့် ကလေးတစ်ယောက်ဖြစ်သည်။ ရိုက်ဆုံးမဖို့ကို ကျွန်တော်ကိုယ်တိုင်က မလုပ်ချင်ပေ။ ကလေးတို့ကို ရိုက်ဆုံးမခြင်းနှင့် အခြားရွေးချယ်စရာနည်းလမ်း နှစ်ခုရှိလျှင် အခြားတစ်ခုကိုပဲ ရွေးချယ်မည်။

"မတတ်နိုင်ဘူး ဆရာကြီးရေ၊ သူ့ကုသိုလ်ကံပဲ။ သေစာ၊ ရှင်စာလောက် ဖတ်တတ်ရင် တော်ပါပြီ"

သည်တစ်ခါတော့ ဒေါသသည် တာရိုးကျိုးသွားခဲ့သည်။

"ကိုယ့်သား၊ သမီးရဲ့ ပညာရေးအတွက် အန်တီတို့က အချိန်မပေးနိုင်ဘူးပေါ့။ ထမင်းကျွေး၊ မုန့်ဖိုးပေး၊ ကျောင်းထားပေးပြီးရင် မိဘတာဝန်ဝတ္တရားကျေပြီ ထင်နေတာလား"

အဖြစ်အပျက်က မြန်ဆန်လွန်းသော်လည်း ကိုယ်ကမှားသည့်စကား ဘာတစ်ခုမျှ မပြောဆိုထားပေ။ ဒေါသစိတ်ကြောင့် နှုတ်လည်းမဆက်ချင်။ တစ်ခုခုဆို မကြိုးစားကြည့်ဘဲ ကံကိုအပြစ်ပုံချတတ်သည့် အကျင့်ဆိုးကို မည်သူက အစပျိုးလိုက်သည်မသိ။ ထိုအကျင့်ဆိုးကို ကျွန်တော် အတော်မုန်းသည်။ ကလေးများရှိသော ကုက္ကိုပင်ရိပ်အောက်ကိုသာ ထွက်လာလိုက်သည်။ ယခုလို မိဘများကို ပြန်ချင်ပြန်၊ မပြန်ချင်ထိုင်နေဟုသာ ကျောပေးထားလိုက်ချင်သည်။ ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံးလည်း ထူပူလာသည်။ အသံများလည်း တုန်ခါနေ၏။

"ဆက်ပိုင်ရေ. . . ရေနွေးကြမ်းသောက်ရအောင် ခဏလာနားလိုက်"

ကျောင်းအုပ်ဆရာကြီးက ကျောင်းဆောင်ပေါ်မှ အဖြစ်အပျက်၊ အခြေအနေအရပ်ရပ်ကို အကဲခတ်နေသည်။ ဆရာကြီးသည် ပြဿနာတိုင်းတွင် ဝင်မပါဘဲ အတန်းပိုင်များကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထားသည်။ လိုအပ်သည့်အခါမှသာ ဝင်ပြောတတ်သည်။ ကျွန်တော် စိတ်ဆိုး ဒေါသထွက်နေသည်ကိုမြင်၍ ဆရာကြီးက ရင်ထဲမှအပူကို ရေနွေးကြမ်းပူပူဖြင့် အပူလျှော့စေချင်သည်။

စာမျက်နှာ ၂၅ သို့ ➤

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်ပကန်



ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လက်ပကန်ကျေးရွာ၌ လမ်းအရှည် သုည ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းမိုး**

# အလှဝေစည် မြန်မာပြည်

\- မြန်မာပြည် သယံဇာတ
ပေါကြွယ်ဝအမှန်လေ၊
ကျွန်း ရေနံ ဓာတ်ငွေ့များ
ပိုင်ထားပါပေ၊
မြ ကျောက်စိမ်း ရတနာတွေ
စိန် ရွှေ ငွေ ပတ္တမြား၊
နီလာရယ် ပုလဲအလှတို့
ကြွယ်ဝထူးခြား။

\- မြစ်ချောင်းအင်းအိုင် ဖြတ်ကျော်ထား
လမ်းတံတား ကောင်းမွန်ပေ၊
မြန်မာပြည် နေရာအနှံ့
တည်တံ့ကာနေ၊
သဘာဝစိမ်းလန်းစိုပြည်
တောတောင်တွေ အုံ့မခန်း၊
ပန်းပေါင်းစုံ ပွင့်လန်းကြလို့
လှပတင့်ဆန်း။

\- အလှဝေစည် ပြည်ထောင်စုနန်း
ဖူးပွင့်ပန်း ရင်သွေးရေ၊
ကိုယ့်ဘာသာ ကိုယ့်လူမျိုး
မြတ်နိုးတတ်စေ၊
အနာဂတ် ပြည်အကျိုးလေ
တာဝန်တွေ ထမ်းဆောင်ထား၊
မြန်မာပြည် ဂုဏ်သတင်းတို့
(အိုကွယ်)
ထုံသင်းစေသား။ ။

**ဇေျမ်းရွာကျောင်းအိုသား**

➤ စာမျက်နှာ ၂၄ မှအဆက်

(၄)

ပြဿနာဆိုသည့်အမျိုးကလည်း လာလျှင်တစ်ယောက်တည်းမလာဘဲ အဖော်လေးဖြင့် ရောက်လာတတ်သည်။ ညနေ ကျောင်းဆင်းခါနီးမှ ဒေါ်ပုမတစ်ယောက် ဒေါနှင့်မောနှင့် ကျောင်းဝင်းထဲ ဝင်လာသည်ကို လှမ်းမြင်လိုက်သည်။ ခြေလှမ်းတို့က ခပ်ကျဲကျဲ၊ မျက်နှာကို တင်းထားသည်မှာ ဒဏ္ဍာရီထဲက ဘီလူးများ၏ မျက်နှာထားမျိုးဖြင့် ဝင်လာသည်။

"ဩော်. . . မနက်ကကိစ္စထင်တယ်"ဟု စိတ်ထဲမှာ ကိုယ့်ဘာသာ ရေရွတ်ရင်း ပြုံးလိုက်မိသည်။ ထိုအပြုံးသည် ဒေါ်ပုမ၏ စကားလုံးများကြောင့် ကြာရှည်စွာ နှုတ်ခမ်းဖျားပေါ်တွင် တွဲခိုမနေနိုင်လိုက်ပါ။

"ဆရာကြီး မနက်က ရွှေရတီ့ကို ရိုက်လိုက်တာဆို။ ဆရာကြီးတို့ပြောတော့ စနစ်သစ်ပညာသင်ကြားရေးမှာ ကလေးတွေကို မရိုက်ရဘူးဆို။ အခုတော့ ကလေးခြေထောက်မှာ အညိုအမည်းစွဲနေပြီ"

မိဘတိုင်း၏အိမ်မှာ ကလေးအားလုံးနီးပါးသည် အမြဲလိုလို အလိုလိုက်ခံ၊ အချစ်ခံလေးများ ဖြစ်ကြသည်။ ထိုမိဘတို့၏ အချစ်ဆုံးလေးများ အရိုက်ခံရသောအခါ ၎င်းတို့မှာ မခံစားနိုင်သောကြောင့် ဒေါသကတက်လာကြသည်။ ယခုလို အခြားသူများလည်း လာပြောတတ်ကြသည်။ ဒေါ်ပုမ ကဲမည်ဆိုလည်း ကဲချင်စရာ။ ရွှေရတီသည် အတန်းထဲတွင် စာအတော်ဆုံးဖြစ်သလို တစ်ကျောင်းလုံး၏ ဂုဏ်ဆောင်သူလေးလည်း ဖြစ်ပေသည်။

"ရိုက်လိုက်တာ ဟုတ်ပါတယ်။ အန်တီ့သမီးက ရှပ်ပုံဝိုင်းသွားထိုးလို့ ရိုက်ရတာပါ။ ဒါနဲ့ဆို လေးကြိမ်မြောက်ရှိပြီ။ ရှေ့ကသုံးကြိမ်မှာတော့ ချော့ပြီးတစ်မျိုး၊ ပုံပြင်တွေနဲ့တစ်ဖုံ ပါးစပ်ကအမျိုးမျိုးအဖုံဖုံ ပြောဆိုဆုံးမခဲ့တယ်။ မရတဲ့အဆုံး ရိုက်ပြီးဆုံးမဖို့ ရွေးချယ်လိုက်ရတာပါ"

"ဆရာကြီးရယ် ကလေးက အပျော်သဘောမျိုး ငွေ ၅၀၊ ၁၀၀ ဖိုးလောက်ပဲ ထိုးတာပါ"

"ဒီမယ် အန်တီ. . . ငွေ ၅၀ ဖိုးပဲထိုးထိုး၊ ၁၀၀ ဖိုးပဲထိုးထိုး လောင်းကစားလုပ်တာ အတူတူပဲ။ မကောင်းတာလုပ်နေတာတော့ ဆရာတစ်ယောက်အနေနဲ့ တားရမယ်။ ဆရာဆိုတာ စာကိုပဲသင်ရတာမဟုတ်ဘူး။ လူကိုလဲ ပြင်နိုင်မှ ဆရာလို့ခေါ်ထိုက်တယ်"

အတန်းထဲတွင် စာအတော်ဆုံးဖြစ်သဖြင့် အခွင့်ထူးခံ မဟုတ်ပေ။ အပြစ်ရှိသူကို အပြစ်ပေးရမည်။ ကလေးအားလုံးပေါ်တွင် မျှမျှတတ ဆက်ဆံနိုင်မှ လေးစားခံရမည်။ ဒေါ်ပုမ ကျောင်းမှပြန်သွားသောအခါ သူ၏မျက်နှာမှာ တိမ်ကင်းစင်သည့်လမင်းပမာ ဝင်းလဲ့ကြည်လင်တောက်ပလျက်ရှိသည်။ ကျောင်းကို အလာတုန်းက ဒေါ်ပုမမျက်နှာနှင့် ကျောင်းမှပြန်သွားသောမျက်နှာ လုံးဝဆန့်ကျင်ဘက် ဖြစ်နေသည်။ ဒေါ်ပုမ ကျေနပ်ပြီးပြန်သွားသော်လည်း ကျွန်တော့်စိတ်ထဲမှာ မကျေနပ်နိုင် ဒေါသစိတ်က ဒီရေပမာ တရိပ်ရိပ်တက်နေလေသည်။

(၅)

အိမ်ပြန်ရောက်သောအခါ ဆိုင်ကယ်ပေါ်မှအဆင်း ခြေထောက်က မာကျောကျော အရာဝတ္ထုတစ်ခုကို နင်းမိသည်။ ငုံ့ကြည့်လိုက်မှ သား၏ ရိုမိုကားလေးကို တက်နင်းမိထားကြောင်း တွေ့ရသည်။ သား၏ ကားလေး အနည်းငယ် ကျိုးပဲ့သွားသည်။

"ပဲ့ပဲ့ကြီး ပဲ့ပဲ့ကြီး၊ အီးဟီး မေမေရေ. . . ဟီး"

သူ့ကားလေးကိုကိုင်ကြည့်ပြီး ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသည့်သားကိုကြည့်ရသည်မှာ စိတ်နှလုံးမသာယာလှပေ။ ဇနီးသည်လည်း ကျွန်တော့်ကို မျက်စောင်းတထိုးထိုးဖြင့် အပြစ်တင်စကားဆိုလေသည်။

"ကလေးရဲ့ကားရုပ်ကလေးကို မမြင်ရအောင် စိတ်တွေက ဘယ်ရောက်နေတာလဲ"

"အေးပါကွာ ဘယ်မှမရောက်ပါဘူး။ ဖေဖေ ပြန်လုပ်ပေးမယ်သားရယ်။ မငိုပါနဲ့တော့နော်"

စိတ်ကျေနပ်အောင် ပဲ့သွားသောအစိတ်အပိုင်းလေးကို ဆင်ကော်ဖြင့် ပကတိအတိုင်းဖြစ်အောင် ပြန်ကပ်ပေးလိုက်သည်။ သားလည်း ကျေနပ်၍ အငိုတိတ်သွားလေသည်။

ညနေရောက်သောအခါ ထမင်းစားမည်ဆိုပြီး ပန်းကန်ပြားကို ကောက်ကိုင်လိုက်စဉ် လက်ထဲမှာကြမ်းရှရှအရာတချို့ကို စမ်းမိသည်။ စောစောက မိန်းမထမင်းစားထားသည်မှာ ယခုပန်းကန်ပြားဖြင့်ဖြစ်သည်။ စကားများမည်စိုး၍ ကိုယ့်ဘာသာကိုယ်ပြန်ဆေးပြီး ဘယ်ဘက်လက်ဖြင့် ပန်းကန်ပြားကို ကိုင်လာလိုက်သည်။

"ကိုယ်စားတဲ့ ပန်းကန်ပြားတောင် ပြောင်အောင်မဆေးတဲ့ မိန်းမ၊ အပျင်းကြီးလိုက်တာ"ဟု စိတ်ထဲမှာ ပြောဆိုနေမိ၊ အပြစ်တင်နေမိသည်။ ပန်းကန်ပြားကို ငုံ့၍လည်း မကြည့်မိပေ။

ထမင်းစားပြီး၍ လက်ဆေးမှ သတိထားမိသည်။ သား၏ကားကို ဆင်ကော်ကပ်တုန်းက ညာဘက်လက်မှာ ကော်စ၊ ကော်နတို့ အနည်းငယ်ပေကျံနေသည်။ ကိစ္စတစ်ခုကို သေချာမလေ့လာဘဲ အပြစ်တင်စောမိခဲ့သည့်ကိုယ့်စိတ်ကို ကိုယ်မလုံသောကြောင့် မဆီမဆိုင် မိန်းမဖြစ်သူကို မော့ကြည့်မိသည်။ သူက ကြည်လင်နေသော မျက်နှာဖြင့် ကျွန်တော့်ကို ပြန်လည်ပြုံးပြနေ၏။

ယခုလိုစိတ်မျိုးဖြင့် လူဘယ်နှယောက်ခန့်ကို ဆက်ဆံဖူးသည်မသိ။ အရေအတွက်သိရလျှင် ကိုယ့်ကိုယ်ကိုယ် ပြန်လန့်မိလိမ့်မည်။ ယနေ့တစ်ရက်တည်းတွင် အကြိမ်ကြိမ်ပြောဆိုဆက်ဆံမိခဲ့သည်။ ကျောင်းဆရာဆိုသည်မှာ ဥစ္စာမပေါကြွယ်ဝသော်လည်း ဆရာဆိုသည့်မာနက အကြီးသား။ ကိုယ်က ကရုဏာဒေါသဖြင့် ပြောဆိုဆုံးမသည့်အခါ တစ်ဖက်လူက နားမလည်ဘဲ အပြစ်ဆိုလာလျှင် ဒေါသထွက်ရသည်။ ဒေါသစိတ်ကြောင့် အမှန်မှအမှားဘက်ကို ပြောင်းလဲသွားတတ်သည်။ ကျွန်တော့်ကလေးများကို ပိုမိုထူးချွန်သော၊ ယဉ်ကျေးလိမ္မာသောသူများဖြစ်စေချင်သည့် လောဘစိတ်က ကြီးမားလွန်းခဲ့သည်။ ထိုလောဘစိတ်ကြောင့် ကျောင်းသားမိဘများနှင့် ကလေးများထံမှ အတော်မျှော်လင့်ခဲ့မိ၏။ ကိုယ်လုပ်သည့် အရာများမှာ မှန်ကန်နေသော်လည်း တစ်ဖက်ကသူတို့အတွက် အခက်အခဲများကို သေချာစွာထည့်မတွက်ခဲ့မိပေ။ မိမိ၏ လက်ချောင်းများလည်း အတို၊ အရှည်ဟူ၍ရှိလေ၏။ ကလေးအားလုံး ထူးချွန်ထက်မြက်ဖို့ထိ လောဘကြီးခဲ့သည်မှာ ရူးနှမ်းမှုပင်ဖြစ်လေသည်။

မိဘတို့၏ အခက်အခဲများကို လုံလောက်စွာ ဂရုမစိုက်ဘဲ အပြစ်တင်မိခဲ့သည်။ ယနေ့ခေတ်ကာလကြီးထဲမှာ လက်လှုပ်မှ ပါးစပ်လှုပ်ရသောလူတန်းစားများအတွက် တစ်နေ့ထမင်းသုံးနပ် မှန်မှန်စားရဖို့ကိုပင် မလွယ်ကူလှပေ။ ယနေ့အပြုအမူများသည် ဆရာနှင့် ကျောင်းသားဆက်ဆံရေး၊ ဆရာနှင့်မိဘဆက်ဆံရေးတို့ကို ရိုက်ချိုးမိသလို ဖြစ်ရသည်။ ကော်စ၊ ကော်နလေးများကို အကြောင်းပြု၍ မိမိအမှားများနှင့် အားနည်းချက်များကို ဂရုပြုမိသည်။ နောက်ဆို အမှားနည်းအောင် သတိဖြင့် ဂရုစိုက်နေထိုင်ရမည်။ အချိန်မီ အမှားကိုသိရှိစေသော ဆင်ကော်လေးကိုလည်း ကျေးဇူးတင်မိသည်။

လူတိုင်းအမှားနှင့် မကင်းသော်လည်း ကျောင်းဆရာတစ်ယောက်ဖြစ်နေသည်အတွက် အမှားနည်းအောင် ဆင်ခြင်နေထိုင်ရမည်။ ရပ်ရွာတိုင်းက ကိုယ့်ကိုအပူဇော်ခံ ပုဂ္ဂိုလ်တစ်ဦးလို၊ ပညာရှိတစ်ဦးလို ဆက်ဆံကြသည်။ ကိုယ့်လုပ်ရပ်တိုင်းသည် လူအများလေးစားစရာ ဖြစ်နေရမည်။ ယနေ့အဖြစ်အပျက်တို့ကို ဆင်ခြင်မိမှ ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့မိပါတော့သည်။

# မြေပုံမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြေပုံ ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်ဖလားကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့်အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျောက်ဖလားကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။ **ကိုသန်း**

# လိုအင်ပြည့်ဝ လှပတဲ့ဘဝ

**စောဖိုးခွား**

> ❖ ဖတ်ချင်အောင်ရေးမှ၊ ဖတ်ဖြစ်အောင် ရေးသူကအားစိုက်မှ ယူချင်အောင်ပေးရသလို ရေးရသားရတာပဲကို အကျိုးရစေချင်တယ်၊ အသုံးကျစေချင်တယ်၊ စိတ်အာရုံထဲရောက်စေချင်တယ်ဆိုရင် အနုပညာရသလည်း ပါဝင်အောင် မွမ်းမံပြင်ဆင်ရပေမယ်။ စာရေးသူဘက်က စေတနာထည့်ရပါတယ်။ အကြောင်းအရာအကောင်းအမွန်ကို ရေးရုံသာမက အရေးအသားလည်းကောင်းအောင် ဖန်တီးရပါတယ်။ လိုအင်ဆန္ဒပြည့်ဝပြီး လှပတဲ့ဘဝတွေဖြစ်စေချင်ပါတယ်။ ❖

**နိဒါန်း**

စာဖတ်တယ်ဆိုတာ ဦးနှောက်ချင်းချိတ်ဆက်မိအောင် လျှပ်ကူးထိစပ်ခြင်းတစ်မျိုးပါပဲ။ စာဖတ်တယ်ဆိုတာ တစ်နည်းအားဖြင့် စိတ်ချင်းထိုကူးတာလည်း ဟုတ်တယ်။ ဒါကတော့ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ သမထလိုင်းက ဂိုဏ်းဆရာများပြောကြားလေ့ရှိတဲ့ သဘောတရားဆိုပါစို့။ ကဗျာဆန်ဆန်ပြောရရင်တော့ ရေးသူနဲ့ ဖတ်သူတို့ရဲ့ နှလုံးသားချင်းနီးနီးကပ်ကပ် ထိစပ်မိအောင်ပြုကြခြင်းပဲ မဟုတ်ပါလား။

ဦးနှောက်ချင်းချိတ်ဆက်တယ်ပြောပြော၊ စိတ်ချင်းထိုကူးတာဆိုဆို၊ နှလုံးသားချင်း ထိစပ်အောင်ပြုတဲ့ သဘောခေါ်ခေါ် စာဖတ်သူက စာဖတ်သူနှစ်သက်တဲ့ ဗဟုသုတခံစားမှုကို ရယူနိုင်ခြင်းပါပဲ။ အဲ သူမကြိုက်ရင်၊ လက်မခံရင်တော့ မယူဘူးလေ။ ဘာပဲရေးနေနေ လျစ်လျူရှုလိုက်ရင် လေထဲမှာ လွင့်မျောပါသွားမှာပဲ။ သူ့ရင်ထဲ ဦးနှောက်အမှတ်သညာထဲကို စွဲရစေလောက်အောင်မရောက်ရင် ပျောက်ကွယ်သွားမှာပါပဲ။

ဖတ်ချင်အောင်ရေးမှ၊ ဖတ်ဖြစ်အောင်ရေးသူကအားစိုက်မှ ယူချင်အောင်ပေးရသလို ရေးရသားရတာပဲကို။ အကျိုးရစေချင်တယ်၊ အသုံးကျစေချင်တယ်၊ စိတ်အာရုံထဲရောက်စေချင်တယ်ဆိုရင် အနုပညာရသလည်း ပါဝင်အောင် မွမ်းမံပြင်ဆင်ရပေမယ်။ စာရေးသူဘက်က စေတနာထည့်ရပါတယ်။ အကြောင်းအရာအကောင်းအမွန်ကို ရေးရုံသာမက အရေးအသားလည်းကောင်းအောင် ဖန်တီးရပါတယ်။ လိုအင်ဆန္ဒပြည့်ဝပြီး လှပတဲ့ဘဝတွေဖြစ်စေချင်ပါတယ်။

**လိုအင်**

လိုအင်ဆန္ဒပြည့်ဝမယ်ဆိုရင် စိတ်သွားတိုင်းကိုယ်ပါပြီး လိုရာခရီးအပြီးတိုင်ရောက်တာပေါ့။ လူ့အလို၊ လူ့အကြိုက် သိကြားမင်းတောင် မလိုက်နိုင်ဘူးဆိုတဲ့ စကားတော့ရှိသား။ သိကြားမင်းဖန်ဆင်းပေးလာတဲ့ နွားကိုတောင် ချိုလေးက နည်းနည်းကားနေသေးတယ်လို့ အလကားရတဲ့လူကပြောသတဲ့။ မကျေနပ်ဘူး။ ကဲ့ရဲ့စကားဆိုတာ။ ဦးချိုဆိုတာ ဘယ်နှဒီဂရီကားရမယ်၊ ကွေးရမယ်လို့ ပုံသေမှမရှိတာ။ ကြေးများတတ်တဲ့လူက ဘာမဆို အတွန့်တက်ချင်နေစမြဲသဘော။

ဘယ်အရွယ်၊ ဘယ်လူတန်းစားအလွှာ၊ ဘယ်မြို့၊ ဘယ်ရွာသား၊ ဘယ်နိုင်ငံသူပဲဖြစ်ဖြစ် ယခုစာရေးသူကတင်ပြမယ့် လိုအင်ဆန္ဒပြည့်ဝစေမယ့် အချက်အလက်တွေကတော့ လက်တွေ့အသုံးပြုကြည့်ရင် အမှန်တကယ်ထိရောက်အောင်မြင်စေရပါမယ်။ အာမခံ၊ တာဝန်ယူ၊ ကတိပေးပါတယ်။ လိုက်နာဖို့တော့ လိုမယ်လေ။

ကျွန်တော်တို့ဆီမှာက ကျေးလက်တောရွာဆိုရင် လက်ဖက်ခြောက်ရေနွေးကြမ်း၊ မြို့ပြမှာဆို လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်သောက်ကြတဲ့ အလေ့အထရှိကြပါတယ်။ ဥရောပနဲ့ အမေရိကနိုင်ငံတွေက ကော်ဖီကို ပိုပြီးသောက်လေ့ရှိကြပါတယ်။ စတားဘတ် (Starbucks) ဆိုတာ နာမည်ကြီးကော်ဖီတံဆိပ်တစ်မျိုးဆိုပါတော့။

**ကော်ဖီ**

ဂရင်းမောင်းတိန်းကော်ဖီ (Green Mountain Coffee) ဆိုတာရှိသေးတယ်။ မထင်ရှားလှဘူး။ လူသိမများခဲ့ပါဘူး။ အဲဒီဂရင်းမောင်းတိန်းကော်ဖီကုမ္ပဏီကို စတင်တည်ထောင်သူက ရောဘတ်စတီလာ (Robert Stiller) တဲ့။ ကုမ္ပဏီပိုင်ရှင်ကတောင်အမေရိကတိုက်မှာရှိတဲ့ ကော်ဖီစိုက်ခင်းတွေထိ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကွင်းဆင်းပြီး ကြည့်ရှုခဲ့ပါတယ်။ သူမသိတာတွေ သိလာရပါတယ်။ သူမထင်မှတ်တဲ့အခြေအနေတွေ တွေ့ရှိရတယ်။ ကော်ဖီစိုက်ခင်းခြံတွေက အလုပ်သမားတွေဟာ အလွန်ပင်ပန်းဆင်းရဲကြတာပဲ။ လုပ်အားခနည်းနည်းလေးသာ ရကြတာဖြစ်ပြီး စားဝတ်နေရေး တော်တော်နွမ်းပါးရှာကြတယ်။ ဘာကြောင့်လဲအဖြေရှာဖွေကြည့်တော့ မြို့က ကော်ဖီဝယ်သူတွေက ကော်ဖီစေ့တွေကို ဈေးနှိမ်ဝယ်နေတာကိုး။ ပြင်ပမှာ ကော်ဖီဝယ်လိုအားမြင့်မားနေပြီး ဈေးကောင်းရနေရင်လည်း ကော်ဖီစေ့ကောက်တဲ့ဈေးကို တိုးမပေးဘူး။ နည်းနည်းလေးနဲ့ပဲ နှိမ်ဝယ်ကြတယ်။

ကော်ဖီခြံကနေ မြို့ကကော်ဖီစေ့ဝယ်တဲ့ကုန်သည်၊ ပွဲရုံကို ပစ္စည်းမှန်၊ ဈေးမှန်ပေးဖို့ရာ ကော်ဖီကုန်သည်၊ ကုန်သည်ခြံရှင်တွေကို သူက ကော်ဖီစေ့ဈေး ယခင်ကထက် သုံးဆပိုပေးဝယ်ပါမယ်။ ခြံလုပ်သားတွေကိုလည်း လုပ်ခ ယခင်ထက်ပိုပေးပါလို့ ဆွေးနွေးညှိနှိုင်းလိုက်တယ်။ (အမြတ်ကြီးစား ခေါင်းပုံဖြတ်နေတာလျှော့ချဖို့ လုပ်တာပေါ့) လုပ်အားခ ပိုတိုးရတော့ ခြံလုပ်သားတွေက အလုပ်အကိုင်ကို ပိုကောင်းအောင် ကြိုးစားလုပ်လာကြတယ်။ ပိုင်ရှင် ရောဘတ်စတီလာမှာတော့ အရင်းငွေ များသွားခဲ့တာပေါ့။

**ဈေးတင်**

ဒီတော့ ကော်ဖီမှုန့်ရောင်းဈေးကိုလည်း တစ်ခွက်စာအတွက် ဂရင်းမောင်းတိန်းကော်ဖီက တစ်ဒေါ်လာ ဈေးတက်ပြီးရောင်းပါတယ်။

အခြားတံဆိပ်ကော်ဖီတွေထက် ဘာသာလို့လဲ။ ဝယ်သူ၊ သောက်သူ၊ စားသုံးသူအရေးအတွက် ကျဆင်းသွားပြီး လုပ်ငန်းအရှုံးပေါ်မသွားပေဘူးလား။ သူများတကာထက် ဈေးပိုများတဲ့ကော်ဖီကို လူတွေက သောက်ကြပါ့မလား။

အဖြေက သောက်ကြပါတယ်။ ဘာလို့လဲဆိုတော့ ဂရင်းမောင်းတိန်းကော်ဖီဟာ အောက်ခြေက ခြံလုပ်သားတွေကို (ဆင်းရဲကြလွန်းလို့) လုပ်ခသုံးဆပိုပေးနေပါတယ်။ ဒါကြောင့်မို့ ကော်ဖီတစ်ခွက်လျှင် တစ်ဒေါ်လာဈေးတင်ရခြင်းဖြစ်ပါတယ်။ ပိုကောင်းအောင်လည်း ကြိုးစားထားပါတယ်လို့ စားသုံးသူတွေ သိသွားအောင် ရောဘတ်စတီလာက အသိပေးကြေညာပါတယ်။

ဂရင်းမောင်းတိန်းကော်ဖီဟာ ယခင်ကထက် စားသုံးသူ၊ ကော်ဖီသောက်သူများရဲ့ အဆများစွာ အားပေးမှုကိုရရှိပြီး တိုးတက်ကြီးပွားအောင်မြင်ထင်ရှား၊ ချမ်းသာကြွယ်ဝသွားပါတော့တယ်။

ကော်ဖီသောက်သုံးသူတွေမှာ ကော်ဖီရဲ့ အနံ့အရသာကိုခံတဲ့ နှာခေါင်းနဲ့လျှာတင်ပါတာ မဟုတ်ပါဘူး။ သူတို့မှာ လူသားပီသတဲ့ စာနာတတ်သော၊ ကူညီချင်သော နှလုံးသားတွေလည်း လူတိုင်းမှာ ပါရှိကြတာကိုး။ တစ်ခွက်ပိုသောက်လို့ တစ်ဒေါ်လာ ပိုလှူရတာကို ကျေနပ်ကြတယ်။ ပေးလှူတယ်သဘောထားပြီး ကြည်ဖြူပါတယ်။

**စေတနာ**

စိတ်ချင်းထိလို့သိကြတယ်။

စေတနာကောင်းရင် ကံကောင်းတယ်။

ကော်ဖီခြံအလုပ်သမား ဆင်းရဲသားတွေကို လခသုံးဆပေးစေပြီး ကော်ဖီတစ်ခွက် တစ်ဒေါ်လာ ဈေးတက်တဲ့ အဲဒီကုမ္ပဏီတော့ မွဲပြာကျကာ ဒေဝါလီခံရမှာပဲလို့ စီးပွားရေးသမားတွေ ထင်မြင်ခဲ့တာလွဲများသွားခဲ့ပါတယ်။

**ဘာကြောင့်လဲ**

ကုန်ချောကော်ဖီမှုန့်ဟာ ပင်ရင်းစိုက်သူ၊ ခူးသူခြံအလုပ်သမားတွေ ဆင်းဆင်းရဲရဲ မွဲမွဲတေတေမဝရေစာ လခလေးသာပေးနေတာကို လစာလည်း သုံးဆပိုပေး၊ ကုန်ချောအရည်အသွေး၊ အရေအတွက်တိုးတက်အောင် ပြောင်းလဲပေးလိုက်တော့ အောက်ခြေအထိ ကွင်းဆင်းထိတွေ့ပြီး အလုပ်လုပ်သူလုပ်ငန်းရှင်ဟာ အောင်မြင်ပေတာပေါ့။

အဲသလို စွန့်လွှတ်မှု၊ စွန့်စားဝံ့မှု၊ ပေးလှူရက်ရောမှုကို **စာဂ**လို့ခေါ်ပါတယ်။ စာဂရှိမှုကြီးပွားတယ်။ ဂရင်းမောင်းတိန်းကော်ဖီဆို ဂရင်းမောင်းတိန်းမှ ဝယ်ယူဖြန့်ချိရောင်းချသောက်သုံးကြသူတွေကို မေးကြည့်တော့ "ဂရင်းမောင်းတိန်းကော်ဖီက အခြားကော်ဖီတွေနဲ့မတူပါဘူး။ သူ့ဆီမှာ **နွေးထွေးကြင်နာမှု**ပါတယ်"တဲ့

"ကျွန်မတို့ ဂရင်းမောင်းတိန်းကော်ဖီကို ဈေးကြီးတယ်ထင်လို့ မဝယ်ကြ၊ မသောက်ကြရင် အဲဒီကုမ္ပဏီဆိုင်ပိတ်သွားရမယ်။ ကော်ဖီခြံလုပ်သားတွေရဲ့ဘဝ တိုးတက်ကောင်းမွန်မယ့်လမ်းစအခွင့်အရေး ပျောက်ဆုံးသွားကြလိမ့်မယ်။ ကျွန်မတို့က တစ်တပ်တစ်အား ကူညီမှုဖြစ်မယ်။ ဒါဟာ ကောင်းမှုပဲ။ ဈေးတက်သွားတဲ့ တစ်ဒေါ်လာကို ငါတို့ပိုပေးမယ်။ ကျေနပ်တယ်"တဲ့။

မိုင်ထောင်ပေါင်းများစွာဝေးကွာတဲ့ ဆင်းရဲသားကော်ဖီခြံအလုပ်သမားအပေါ် စာနာကြင်နာတဲ့နှလုံးသားတွေရဲ့ အားပေးချက်နဲ့ ဂရင်းမောင်းတိန်းကော်ဖီကုမ္ပဏီဟာ မယိုင်လဲတဲ့အပြင် အောင်မြင်ကြီးပွားလာခဲ့တာပဲ။

**စာဂ**ဆိုတာ ပါဠိဝေါဟာရပါ။ မြန်မာလိုတော့ စွန့်လှူခြင်းအဓိပ္ပာယ်ရပါတယ်။ စာဂဟာ မိမိက ပေးဆပ်လှူဒါန်းမှုဝေချင်တဲ့စေတနာသဘောပါ။ ကိုယ်က အသာစီးယူချင်တာ၊ အမြတ်ထုတ်ချင်တာ၊ အနိုင်ယူဗိုလ်ကျလုပ်ချင်တာမျိုးမရှိတဲ့ ဖြူစင်သော စွန့်လွှတ်ခြင်း၊ ပေးလှူခြင်း၊ ကြီးပွားအောင်မြင်ချင်ရင် သူတစ်ပါးအပေါ်မှာ၊ လူအများအပေါ်မှာ "စာဂဝါဒ" လက်ကိုင်ထားရပါတယ်။ စာဂ၊ ဒါန၊ မေတ္တာ၊ စာနာမှု၊ လေးစားမှု၊ အနစ်နာခံမှုမပါဘဲ မိမိကိုယ်ကျိုးအတွက် သက်သက်ကိုသာ ဦးစားပေးစဉ်းစားအလုပ်လုပ်သူတွေဟာ ကျဆုံးခြင်း၊ ရှုံးနိမ့်ခြင်း၊ ဘေးဒုက္ခတွေ့ရခြင်း၊ အသေဆိုးနဲ့သေရခြင်းဆိုတဲ့ နိဂုံးအပိုင်းနဲ့ အဆုံးသတ်ကြရပါတယ်။

**ပဥ္စင်္ဂအနှား**

လိုအင်ဆန္ဒပြည့်ဝစေတဲ့ ပဥ္စင်္ဂ-ငါးနားခြေထောက်အမြစ်တည်ဆောက်ကြရပါမယ်-

၁။ **သဒ္ဓါ**= ကံ ကံရဲ့အကျိုးကို ယုံကြည်ခြင်း

၂။ **သီလ**= စာရိတ္တ၊ ကိုယ်ကျင့်တရားကောင်းခြင်း

၃။ **သုတ**= အကြားအမြင်ဗဟုသုတပြည့်ဝအောင် လေ့လာဆည်းပူးမှတ်သားခြင်း

၄။ **စာဂ** = စွန့်လွှတ်၊ စွန့်လှူပေးဝေနိုင်ခြင်း

၅။ **ပညာ**= ဆင်ခြင်တုံတရားဖြင့် အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြားရွေးချယ်ဆုံးဖြတ်တတ်ခြင်း

တချို့က လောကနိယာမကံနဲ့ ကံရဲ့အကျိုးကို သိမြင်နားလည်အောင်လေ့လာပြီး ယုံကြည်ရမယ့်အစား လူတစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ်၊ ဝါဒတစ်ရပ်ရပ်ကိုပဲဖြစ်ဖြစ်၊ ပါတီတစ်ခုခုကိုပဲဖြစ်ဖြစ်၊ မျက်စိမှိတ်ပြီးယုံတယ်၊ ပုံတယ်၊ ဘဝကိုပေးဆပ်တယ်ဆိုတဲ့ တစ်ယူသန်အလွဲအမှား ယုံကြည်မှုရှိတတ်ပါတယ်။ တန်ဖိုးရှိတဲ့လူ့ဘဝကို အလွဲသုံးစားနစ်မွန်းစေမှာပဲ။

သဒ္ဓါတရားဆိုတဲ့ ယုံကြည်မှုကို (ပဉ္စမအချက်မှာ ပါဝင်တဲ့ အခြေခံအရင်းအမြစ်)ပညာဆိုတဲ့ အမြော်အမြင်တရားနဲ့ ထိန်းသိမ်းထိန်းချုပ်နိုင်ရမှာဖြစ်ပါတယ်။ သဒ္ဓါနဲ့ပညာဟာ တစ်ခါတစ်ရံ ဝင်ရိုးစွန်းတစ်ဖက်စီခြားနားကွဲပြားပြီး လွန်ဆွဲနေတတ်တယ်။ **"သဒ္ဓါလွန်သော် ရာဂ"**တဲ့။ ရာဂဆိုတာက မှောင်မိုက်တာ၊ မွန်တာ၊ မမြင်နိုင်တာဗျ။ သဒ္ဓါကို မလွန်ကဲစေရပါဘူး။ ပညာနဲ့ထိန်းကျောင်းရမှာဖြစ်ပါတယ်။ ယတြာ၊ လက်ဖွဲ့၊ ဓာတ်လုံးတွေ သတိထား။

**"ပညာလွန်သော် မာန"**တဲ့။ ငါက အတွေ့အကြုံများလှပြီ။ ငါက ဘွဲ့တွေ၊ ဒီဂရီတွေရခဲ့တယ် စသဖြင့် မာနနဲ့ပညာကို ယှဉ်တွဲမိပြီဆိုရင်လည်း လွဲတတ်တယ်။ ဘဝင်မမြင့်ရဘူး။ ရှူးတတ်တယ်။ စပါးနှံ့အဆန်ပြည့်တော့ ငိုက်။ ပညာပြည့်လေ မာနနည်းပါးလေဖြစ်ပါစေ။ အနှစ်မပြည့်တဲ့အနှံ့တွေက အနှစ်မပါတော့ လေထဲမှာ ထောင်ထောင် ထောင်ထောင် ဝင့်ဝါပလွှားချင်ကြတယ်။ သီလကို ပညာနဲ့ထိန်းညှိ။ ပညာကို သီလနဲ့ထိန်းညှိ။ ရေကြောင့်ဖြစ်သော ရွှံ့လက်တစ်ဖက်မှာပေရေနေရင် နောက်တစ်ဖက်က လက်နဲ့ ရေခွက်ဖြင့် ဆေးရပေမှာပဲ။ အပြန်အလှန်သန့်ရှင်းစင်ကြယ်စေနိုင်ရမယ်။

**နိဂုံး**

လူ့ဘဝဟာ ရခဲတယ်။ ထင်မှတ်တာထက်ပိုပြီး တိုတောင်းလှတယ်။ ကောင်းမွန်ချမ်းသာအောင် နေထိုင်ပြုမူနိုင်ပါစေ။ လိုအင်ပြည့်ဝ၊ လှပတဲ့ဘဝတွေကို အောင်မြင်စွာ တည်ဆောက်ပိုင်ဆိုင်နိုင်ပါစေ။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့်ကုမ္ပဏီများ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်



**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီများ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီ၏ သတင်းများအရ သိရသည်။

ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ကို ပွင့်လင်းရာသီ စက်တင်ဘာလမှ စတင်လုပ်ကိုင်ဆောင်ရွက်လေ့ရှိပြီး ပြည်တွင်းတွင် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင်လိုက်ပါမည့် ဘုရားဖူးခရီးသွားများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဘုရားဖူးခရီးသည်များကိုယ်တိုင် ဆောင်ရွက်ရန်မလိုဘဲ သာသနာရေးဦးစီးဌာန ဗုဒ္ဓဂယာ ဘုရားဖူးလုပ်ငန်းကော်မတီတွင် တရားဝင်မှတ်ပုံတင်စာရင်းပေးဆောင်ရွက်နေသည့် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်း ကုမ္ပဏီက ဝန်ဆောင်မှုပေးလေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီတွင် မှတ်ပုံတင်စာရင်းပေးသွင်းဆောင်ရွက်ကြရကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့် ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီတွင် ယနေ့မှ ဩဂုတ် ၂၅ ရက်ထိ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်ပြီဖြစ်ပြီး မှတ်ပုံတင်စာရင်း ပေးသွင်းမှုကို ဘုရားဖူးလုပ်ငန်းကုမ္ပဏီအသစ်များသာမက အဟောင်းများလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီမှ သိရသည်။

SKL

# ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ လင်းကင်းကျေးရွာအုပ်စု လင်းကင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက လင်းကင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၆၈ ဧက စိုက်ပျိုးပြီးစီး

**ခန္တီး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၆၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၅၂၆၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ မိုးစပါးဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်စေရန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ခန္တီးမြို့နယ်တွင် နွေစပါး ၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ခန္တီးမြို့နယ်တွင် မိုးစပါး ၈၂၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ဧက ၈၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် အောက်ဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အောက်ဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ပြန်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အောက်ဝေါကျေးရွာ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၉ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုညီ**

# ကော့ကရိတ်မြို့နယ် အင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် ဇူလိုင် ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အင်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

ဖိုမင် -၁၀၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကျန်းမာပျော်ရွှင်သောဘဝ တည်ဆောက်လိုလျှင်

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

လူတိုင်းလိုလိုပင် ကျန်းကျန်းမာမာနှင့် စိတ်ချမ်းသာပြီး မိသားစုဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းလိုကြပေမည်။ ကျန်းမာခြင်းဆိုသည်မှာလည်း ကိုယ်ခန္ဓာချို့ယွင်းမှုကင်း၍ ရောဂါဘယကင်းရှင်းရုံသာမက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ လူမှုရေးသုခနှင့်ပြည့်စုံခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပေသည်။

ကျန်းမာပျော်ရွှင်အောင်နေထိုင်နည်းမှာ ခက်ခက်ခဲခဲ၊ ခဲခဲယဉ်းယဉ်းမဟုတ်ပါ။ အသိဉာဏ်ပုံမှန်ရှိသူတိုင်း သိရှိနားလည် လုပ်ကိုင်နေထိုင်တတ်ကြပါသည်။ လုပ်နည်းလုပ်ဟန်တို့မှာ လွယ်လွယ်ကူကူဖြစ်သော်လည်း "သတိမမူ ဂူမမြင်"ဟူသောစကားကဲ့သို့ ပေါ့ပေါ့တန်တန်ဖြင့် သတိမထား၊ မလုပ်မိဘဲဖြစ်တတ်ပါသည်။

ဥပမာအားဖြင့်ပြောရမည်ဆိုလျှင် လူသားအားလုံး၏လက်နှစ်ဖက်သည် အလုပ်လုပ်ရဆုံး လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လက်နှစ်ဖက်သည် သန့်ရှင်းသောအရာ၊ မသန့်ရှင်းသောအရာများကို နေ့စဉ်ကိုင်တွယ်လုပ်ကိုင်နေကြရသော်လည်း မိမိ၏လက်များကို စင်ကြယ်စွာဆေးကြောရန် မေ့လျော့နေတတ်ကြသည်။ ရေနှင့်ဆပ်ပြာကို များများသုံးပြီး လက်ဆေးခြင်းဖြင့်ပင် ရောဂါဘယကူးစက်မှုကို လျှော့ချနိုင်ပြီး တစ်နှစ်လျှင် လူပေါင်းတစ်သန်းခန့် အသက်ကယ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်ကို သတိပြုမိပါသည်။

ဆရာဝန်များကလည်း ရောဂါများစွာကိုကာကွယ်ရန် လက်ဆေးခြင်းအလေ့အထကို ဖြန့်ကြက်လုပ်ဆောင်သင့်သည်ဟုဆိုသည်။ ကူးစက်ရောဂါပိုးများကြောင့် သန်ကောင်၊ တုတ်ကောင်များဖြစ်ပွားခြင်း၊ အအေးမိနှာစေးနှာချေခြင်း၊ ဖျားနာခြင်း၊ အသည်းရောင်အသားဝါရောဂါများဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျှောကူးစက်ရောဂါများဖြစ်ပွားခြင်းတို့ ဖြစ်စေသည်ကို သတိပြုသင့်သည်။ အိမ်သာတက်ပြီးလျှင် ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ အစားအစာများ မစားသုံးမီ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်းကို မဖြစ်မနေ အလေ့အကျင့်တစ်ခုအဖြစ် ဆောင်ရွက်သင့်ပါသည်။ အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများအနေဖြင့်လည်း မိမိတို့၏လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောရမည်ဖြစ်ပါသည်။

အချို့မိသားစုများသည် ထမင်းစားဝိုင်းတွင် လက်ဆေးရန် ဇလုံတစ်ခုတွင်သာ ရေထည့်ထားပြီး မိသားစုအားလုံးက ဇလုံထဲတွင် လက်နှိုက်ဆေးကြကာ ထမင်းစားကြသည်ကများပါသည်။ ဤအပြုအမူသည် ရောဂါကူးစက်နိုင်သဖြင့် ရှောင်သင့်ပါသည်။ အစာမစားမီ တစ်ယောက်ချင်း ဆပ်ပြာဖြင့်လက်ဆေးပြီး ထမင်းစားပြီးလျှင်လည်း ဆပ်ပြာဖြင့် စနစ်တကျလက်ဆေးရမည်ဖြစ်သည်။ လူကြီးမိဘများက မိသားစုဝင်အားလုံး စနစ်တကျလက်ဆေးသည့်အကျင့်ကို ပျိုးထောင်ပေးသင့်သည်။ ငွေကုန်ကြေးကျနည်းပြီး ကျန်းမာရေးကို အကျိုးပြုသောနည်းဖြစ်သဖြင့် မဖြစ်မနေဆောင်ရွက်သင့်ပါသည်။

"သဗ္ဗေသတ္တာ၊ အာဟာရဋ္ဌိတိကာ"ဆိုသကဲ့သို့ အစားအစာအာဟာရကလည်း လူသားတို့၏ကျန်းမာရေးကို အထောက်အကူပြုသည်။ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရပြည့်ဝသော အစားအသောက်ဖြစ်သင့်သည်။ ဆီနှင့်အငန်များ၊ အချိုမှုန့်များ စားသုံးခြင်းကို ရှောင်သင့်ပါသည်။

"ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်" ဆိုသည့်စကားအရ သန့်ရှင်းသောရေကောင်းရေသန့်ကိုလည်း တစ်နေ့လျှင် ဖန်ခွက်ရှစ်ခွက်ခန့် သောက်သင့်ပါသည်။

"တောင်းမှာအကွပ်၊ လူမှာအဝတ်"ဆိုစကားနှင့် အညီ ရာသီဥတုနှင့်လိုက်လျောညီထွေသော အဝတ်အစားများကို ဝတ်ဆင်သင့်သည်။ ထို့ပြင် မိမိအသက်အရွယ်နှင့်လိုက်ဖက်သော ကိုယ်လက်လေ့ကျင့်မှု၊ လှုပ်ရှားမှုကို နေ့စဉ် အချိန်မှန်မှန်ပြုလုပ်ပေးခြင်းဖြင့်လည်း သွေး၊ လေ လည်ပတ်မှုမှန်ကန်၍ ကျန်းမာနိုင်ပါသည်။ ငွေကုန်ကြေးကျနည်းပါးပြီး ကျန်းမာရေးအကျိုးရလဒ်ရနိုင်သော လေ့ကျင့်မှုတစ်ခုမှာ နံနက်စောစောထ၍ လမ်းလျှောက်ခြင်းဖြစ်သည်။ နေ့စဉ် တစ်နာရီခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုပါသည်။ လမ်းလျှောက်ခြင်းဖြင့် နှလုံးကိုကျန်းမာစေပြီး အားကောင်းစေသည်။ သွေးပေါင်ချိန်တက်ခြင်းကို ကာကွယ်နိုင်သည်။ ဆီးချိုအမျိုးအစား(၂) ရှိသူများအဖို့လည်း ဆီးချိုကိုထိန်းပေးနိုင်သည်။ လူကိုအကျိုးပြုသော ကိုယ်လက်စထရောများ သွေးအတွင်း တိုးတက်များပြားလာစေသည်။

မိမိလုပ်ဆောင်ဖွယ်ရာကိစ္စများကို ဆောင်ရွက်ပြီးပါက စနစ်တကျအနားယူခြင်းကလည်း ကိုယ်နှင့်စိတ်ကို အပန်းပြေစေသည်။ ညအချိန် အိပ်စက်ရာတွင်လည်း အနည်းဆုံး ရှစ်နာရီခန့် အိပ်စက်ရမည်ဖြစ်သည်။ မည်သည့်အချိန်တွင် အိပ်သည်ဖြစ်စေ ခြင်ထောင်ဖြင့် အိပ်သင့်သည်။ သို့မဟုတ်ပါက ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်၊ ငှက်ဖျား စသည့်ရောဂါများဖြစ်ပွားတတ်သဖြင့် မိသားစုများ သတိပြုသင့်ပါသည်။

ယင်ကောင်သည် ရောဂါပိုးကို သယ်ဆောင်နိုင်သဖြင့် ယင်နားအစားအစာများမစားမိရန် သတိပြုရပါမည်။ မိသားစုအိမ်သာမှာလည်း ယင်လုံအိမ်သာဖြစ်ရန်လိုပါသည်။

ကျန်းမာရေးနှင့်ဆန့်ကျင်သော အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးခြင်း၊ ကွမ်းစားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ အရက်သောက်ခြင်းဖြင့် ငွေကုန်ကြေးကျများသည့်အပြင် အိမ်ထောင်ရေးမသာမယာဖြစ်မှု၊ ခိုက်ရန်ဒေါသဖြစ်ပွားမှု၊ အသည်းရောဂါနှင့် အရက်စွဲရောဂါများဖြစ်နိုင်သည်။ ကွမ်းစားသူများသည်လည်း ဆေးရွက်ကြီးကြောင့် ပါးစောင်ကင်ဆာ အစရှိသည့်ရောဂါများ ဖြစ်ပွားတတ်သည်။ ဆေးလိပ်ဘူးတွင် ဆေးလိပ်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများကို ပုံနှင့်တကွဖော်ပြထားသော်လည်း သောက်သုံးမြဲသောက်သုံးကြသည်။ ဆေးလိပ်ကြောင့် အဆုတ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ ချောင်းဆိုးသွေးပါရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ စသည့် ရောဂါအမျိုးမျိုးဖြစ်နိုင်သဖြင့် ကျန်းမာလိုသူတိုင်း ဆေးလိပ်၊ အရက်၊ ကွမ်းယာတို့ကို သုံးစွဲခြင်းမှ ရှောင်ရှားသင့်ပါသည်။ ဆေးလိပ်၊ အရက်နှင့် ကွမ်းယာစားသုံးသူအနေဖြင့် မိမိဝင်ငွေ၏ သုံးပုံတစ်ပုံခန့်ကို ဆေးလိပ်၊ အရက်၊ ကွမ်းတို့အတွက် အကုန်အကျခံကြရသဖြင့် အခြားအသုံးစရိတ်များတွင် မလုံမလောက်ဖြစ်တတ်ကြသည်။

"ရှောင်လေဝေးဝေး မူးယစ်ဆေး"ဆိုသည့် သတိပေးစကားရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲသူတို့သည် ကျန်းမာရေးကို လွန်စွာထိခိုက်စေသည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အရေးအားလုံး ဆုံးရှုံးစေနိုင်ပြီး နောက်ဆုံး တန်ဖိုးရှိလှသော လူ့ဘဝကိုပါ ပေးဆပ်ရသည့်သာဓကများ များစွာတွေ့ကြုံဖူးပါသည်။ စိတ်ချမ်းသာလိုသူများ၊ ကိုယ်ကျန်းမာလိုသူများ မိသားစုဘဝပျော်ရွှင်ချမ်းမြေ့လိုသူများသည် မူးယစ်ဆေးဝါးကို ဝေးဝေးကပင် ရှောင်ရှားသင့်သည်။

ကျန်းမာရေးအတွက် သန့်ရှင်းရေးသည် အထူးအထောက်အပံ့ပြုသည်။ သန့်ရှင်းရေးဆိုသည်မှာလည်း တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ နေအိမ်သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းတို့ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းခြင်းဖြင့် ကိုယ်တွင်းကိုယ်ပ ရောဂါဘယကင်းရှင်းစေပြီး ကျန်းမာပျော်ရွှင်စေသည်။ ထို့အတူ မိမိနေအိမ်ကိုလည်း သန့်သန့်ရှင်းရှင်းဖြစ်ရန် အရေးကြီးသည်။ အလင်းရောင်ရရန်၊ လေကောင်းလေသန့်ရရန် ပြုလုပ်ထားခြင်းမျိုးဖြစ်သည်။ နေအိမ်သန့်ရှင်းခြင်းဖြင့် ယင်၊ ခြင်၊ ကြွက် စသည်များ ကင်းရှင်းကာ ရောဂါဖြစ်ပွားမှု နည်းပါးစေနိုင်သည်။ မိမိနေအိမ်ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ထားရမည်ဖြစ် သည်။ ရေ၊ မြေ၊ လေတို့ကို ညစ်ညမ်းစေသည့်အပြုအမူများ ရှောင်ကြဉ်သင့်သည်။ စည်းကမ်းမဲ့အညစ်အကြေးစွန့်ခြင်း၊ အမှိုက်ပစ်ခြင်း၊ သစ်ရွက်မီးရှို့ခြင်းတို့ကလည်း ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ကျန်းမာရေးကို ထိခိုက်စေပါသည်။

မတော်တဆထိခိုက်ဒဏ်ရာရမှုကလည်း ကျန်းမာရေးကို ထိခိုက်စေသည်။ ကျေးလက်တောရွာများတွင် ယာဉ်အန္တရာယ်မရှိသော်လည်း ဆိုင်ကယ်တိုက်၊ ဆိုင်ကယ်မှောက်ဖြစ်လျှင် ဆိုင်ကယ်ဦးထုပ်မဆောင်းမှုကြောင့် အန္တရာယ်ကျရောက်နိုင်သကဲ့သို့ မြို့နေလူထုမှာလည်း ယာဉ်အန္တရာယ်အလွန်ကြီးပါသည်။ ပြည်သူလူထုသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် ဘေးရန်ကင်းနိုင်ပါသည်။

"စိတ်ထောင်းမှကိုယ်ကျေ၊ စိတ်ပျို့မှကိုယ်နု" ဆိုသောစကားရှိပါသည်။ မိမိစိတ်ကို ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို ရှာကြံခြင်းဖြင့် စိတ်ချမ်းသာမှုကို ရရှိစေပါသည်။ စိတ်ဖိစီးမှုများ ပြေပျောက်စေပါသည်။ တရားဘာဝနာရှုမှတ်ခြင်းကလည်း စိတ်ကိုငြိမ်းချမ်းစေပါသည်။

ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာပျော်ရွှင်မှုကို ထိခိုက်ပျက်စီးစေသော အကြောင်းတရားတစ်ခုမှာ "သဘာဝဘေးအန္တရာယ်"များပင်ဖြစ်သည်။ လူသားတို့ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်များကား များပြားလှပါသည်။ မြေငလျင်ကြီးများ လှုပ်ခတ်ခြင်းကြောင့် မြို့ရွာအများ ပျက်စီးဆုံးရှုံးရသည်။ လူအများ သေကျေကြသည်။ ထိခိုက်ဒဏ်ရာများဖြစ်ရသည်။ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းဒဏ် ခံရသည်။ ဥပမာ-ဆိုင်ကလုန်းမုန်တိုင်း၊ လေဆင်နှာမောင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပင်လယ်ဒီရေလွှမ်းမိုးခြင်း၊ ဆူနာမီဖြစ်ခြင်းတို့ကြောင့် လူအများထိခိုက်ဒဏ်ရာရကြပြီး တချို့ အသက်ပါ ပေးကြရသည်။

ကျန်းမာပျော်ရွှင်သောဘဝ တည်ဆောက်ရန်၊ နည်းလမ်းကောင်းများမှာ ရှိပြီးဖြစ်ပါသည်။ လူသားတို့က ရှောင်ရန်အချက်တို့ကိုရှောင်ပြီး၊ ဆောင်ရန်အချက်တို့ကို ဆောင်ရွက်ရန်သာဖြစ်သည်။

ငွေကြေးကုန်ကျမှုမရှိဘဲ ကျန်းမာခြင်းဆိုင်ရာအမူအကျင့်ကောင်းများကို အလေ့အကျင့်မှသည် အလေ့အထထိ ကျင့်ကြံအားထုတ်သွားပါလျှင် ကျွဲကူးရေပါသဘောကဲ့သို့ မိမိတို့ဘဝသည် ကျန်းကျန်းမာမာနှင့် ပျော်ရွှင်သောဘဝများကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း စေတနာကောင်းနှင့် တင်ပြအပ်ပါသည်။

❖ ဆရာဝန်များကလည်း ရောဂါများစွာကိုကာကွယ်ရန် လက်ဆေးခြင်းအလေ့အထကို ဖြန့်ကြက်လုပ်ဆောင်သင့်သည်ဟုဆိုသည်။ ကူးစက်ရောဂါပိုးများကြောင့် သန်ကောင်၊ တုတ်ကောင်များဖြစ်ပွားခြင်း၊ အအေးမိနှာစေးနှာချေခြင်း၊ ဖျားနာခြင်း၊ အသည်းရောင်အသားဝါရောဂါများဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျှောကူးစက်ရောဂါများဖြစ်ပွားခြင်းတို့ ဖြစ်စေသည်ကို သတိပြုသင့်သည်။ အိမ်သာတက်ပြီးလျှင် ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ အစားအစာများမစားသုံးမီ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်းကို မဖြစ်မနေ အလေ့အကျင့်တစ်ခုအဖြစ် ဆောင်ရွက်သင့်ပါသည်။ ❖

# မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိသဉ္ဇာဖူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပေပင်စမ်းကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ပြီးစီး၍ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ)က Dears Brain ကုမ္ပဏီမှ တာဝန်ခံအား ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများကို သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၀၄သန်းဖြင့် ပေပင်စမ်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ၉ ဒသမ ၉ ကီလိုဝပ် ဆိုလာစနစ်တည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို Dears Brain ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပေပင်စမ်းကျေးရွာရှိ အိမ်ခြေ ၂၃၈ အိမ်၊ လူ ၉၀၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# အိုင်ယာလန်နိုင်ငံတွင် ကောင်တီ ၁၃ ကောင်တီကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်



**ဒဗ္ဗလင် ဇူလိုင် ၂၄**

အိုင်ယာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး မိုးရေချိန်မြင့်မားသည့်အတွက် ဒန်နီဂယ်ကောင်တီအပါအဝင် ကောင်တီပေါင်း ၁၃ ကောင်တီကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း အိုင်ယာလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Irish Examiner သတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကောင်တီ ၁၃ ကောင်တီကို ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်အဆင့်မဟုတ်သေးသော်လည်း မိုးရေချိန်ပေါ်မူတည်၍ ရေဘေးအန္တရာယ် သတိပေးချက်ကို ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားသည့်ကောင်တီများမှာ ကာဗန်ကောင်တီ၊ ဒန်နီဂယ်ကောင်တီ၊ မိုနာဂန်ကောင်တီ၊ ဒူဘလင်ကောင်တီ၊ ကီလ်ဒဲကောင်တီ၊ လောင်းဖို့ဒ်ကောင်တီ၊ လောက်ကောင်တီ၊ မိသ်ကောင်တီ၊ ဝက်စ်မိသ်ကောင်တီ၊ လိုင်ထရင်းမ်ကောင်တီ၊ မာယိုကောင်တီ၊ ရို့စ်ကွန်မွန်ကောင်တီနှင့် စလီဂိုကောင်တီတို့ဖြစ်ကြောင်း သိရသည်။

"ကောင်တီပေါင်း ၁၃ ကောင်တီကို ရေဘေးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားပါတယ်။ လမ်းမကြီးတချို့ ရေလွှမ်းနေတဲ့အတွက် ယာယီပိတ်ထားရပါတယ်။ မိုးရေချိန် ပြောင်းလဲမှုပေါ်မူတည်ပြီးတော့ ရေကြီးရေလျှံမှုအန္တရာယ်သတိပေးချက်ကို ပြင်ဆင်သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ လာမဲ့ဩဂုတ်လမှာတော့ မိုးရေချိန်လျော့နည်းပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ခြေ နည်းပါးပါတယ်။ ဒါပေမဲ့လဲ ဇူလိုင်လအတွင်းမှာတော့ ရေကြီးရေလျှံမှုတွေနဲ့ တောက်လျှောက်ရင်ဆိုင်ရဖွယ်ရှိနေတယ်" ဟု အိုင်ယာလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အလန်အိုရိုင်လေက ပြောကြားခဲ့သည်။

ရာဖိုးကောင်တီအနီးမြစ်ချောင်းများတွင်လည်း မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ ရေလွှမ်းကာ ဆက်သွယ်သွားလာရေး လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရကြောင်း၊ ရေလွှမ်းနေသည့်လမ်းမကြီးတချို့ကို ဖြတ်သန်းမောင်းနှင်ခဲ့သည့် မော်တော်ယာဉ်တချို့ ပိတ်မိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ထုတ်ပေးခဲ့ရကြောင်း သိရသည်။ **ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ နွိုက်ဒါမြို့တွင် ရေကြီးမှုကြောင့် လူဦးရေ ၂၀၀ ခန့် ဘေးလွတ်ရာသို့ရွှေ့ပြောင်း

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ရှိ နွိုက်ဒါမြို့နှင့်အနီးဝန်းကျင်ကျေးရွာများတွင် အိန္ဒူမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးတစ်လျှောက် ရေကြီးမှုသတိပေးချက်ကို ဇူလိုင် ၂၂ ရက်က ထုတ်ပြန်ခဲ့ပြီးနောက် အန္တရာယ်ကျရောက်နိုင်သော မြစ်ကမ်းဘေးရှိကျေးရွာများမှ လူဦးရေ ၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်ချက်များကို ကိုးကား၍ The Times of India သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

"ရွာငါးရွာက လူပေါင်း ၂၀၀ လောက်ကို ဘေးလွတ်ရာရွှေ့ပြောင်းပြီး နေရာထိုင်ခင်း၊ စားနပ်ရိက္ခာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့ စီစဉ်ပေးထားပါတယ်"ဟု ရေဘေးကယ်ဆယ်ရေးလုပ်ငန်းမှ ခရိုင်အရာရှိတစ်ဦးဖြစ်သူ အယ်တူကူးမားက အတည်ပြုပြောကြားခဲ့သည်။

အိန္ဒူမြစ်ရေ၏ စိုးရိမ်ရေမှတ်သည် ၂၀၅ မီတာရှိပြီး ယခုအခါ မြစ်ရေသည် မီတာ ၂၀၀ သို့ ရောက်ရှိလာသဖြင့် မြစ်ကမ်းဘေးရှိ ရွာငါးရွာမှ ဒေသခံဦးရေ ၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရပြီး မကြာမီ စိုးရိမ်ရေမှတ်သို့ ရောက်ရှိဖွယ်ရှိသဖြင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

အိန္ဒူမြစ်နှင့် ယမုံနာမြစ်များကြားတွင်တည်ရှိသော အဆိုပါဒေသသည် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသောဒေသတစ်ခုဖြစ်ပြီး မကြာသေးမီရက်များအတွင်းကလည်း ယမုံနာမြစ်ကမ်းတစ်လျှောက် ရေကြီးရေလျှံမှုများကြောင့် လူနှင့် တိရစ္ဆာန်ထောင်ပေါင်းများစွာ ထိခိုက်မှုနှင့် သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

AZH

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးမှုကြောင့် လူ ၃၁ ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးနေ

**ကဘူးလ် ဇူလိုင် ၂၄**

အာဖဂန်နစ္စတန် နိုင်ငံတွင် လွန်ခဲ့သော သီတင်းပတ်ကုန်ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် လူ ၃၁ ဦးသေဆုံးပြီး လူအများအပြားပျောက်ဆုံးလျက်ရှိကြောင်း အာဖဂန်နစ္စတန်သဘာဝဘေးအန္တရာယ်ဆိုင်ရာဝန်ကြီးဌာန၏ ဇူလိုင် ၂၃ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ အယ်လ်ဂျာဇီးယားသတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုများကြောင့် မြို့တော်ကဘူးလ်အပါအဝင် မိုင်ဒန်ဝါဒက် ပြည်နယ်နှင့် ဂက်ဇ်နီပြည်နယ်တို့တွင် လူ ၃၁ ဦးသေဆုံးခဲ့ရာအများစုမှာ မိုင်ဒန်ဝါဒက်ပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရှာဖူလက်ရာဟီမီက ဇူလိုင် ၂၃ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူများအပြင် ဒဏ်ရာရရှိသူ ၇၄ ဦး၊ ပျောက်ဆုံးနေသူ ၄၁ ဦးနှင့် စိုက်ပျိုးရေးလုပ်ငန်းအများအပြားပျက်စီးခဲ့ကြောင်း၊ ရာနှင့်ချီသောအိမ်များ ပြိုကျပျက်စီးခဲ့သည့်အပြင် အိမ်မွေးတိရစ္ဆာန်ကောင်ရေ ၂၅၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အများစုမှာနေအိမ်ပြိုကျမှုများကြောင့် အပျက်အစီးများအောက်တွင် ပိတ်မိနေခြင်းဖြစ်ကြောင်း မိုင်ဒန်ဝါဒက်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ကြေညာချက် ထုတ်ပြန်ထားသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် သဘာဝဘေး အန္တရာယ်ကြောင့် နှစ်စဉ်ပျမ်းမျှ လူဦးရေ ၂၀၀၀၀ ခန့်ကို ထိခိုက်စေလျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီက ထုတ်ပြန်ထားသည်။ AZH



# တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ရေကြီးမှုကြောင့် လူငါးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**ပေကျင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံ အရှေ့ဘက်ပိုင်း ဟန်ကျိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူငါးဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း ဟန်ကျိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Asia One သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံများမှာ ဟန်ကျိုးမြို့အရှေ့ဘက်ပိုင်းတွင်ရှိသော ကျေးလက်ဒေသများမှ ဒေသခံများဖြစ်ကြောင်း ဟန်ကျိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

သေဆုံးသူနှင့် ပျောက်ဆုံးနေသူများမှာ ကျေးလက်ဒေသများမှဖြစ်ပြီး ဒါယွန်းမြို့အနီးပတ်ဝန်းကျင်မှ ဒေသခံများသည်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးရေချိန်မှာလည်း မီလီမီတာ ၁၀၀ ထိမြင့်တက်နေပြီး ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် လူဦးရေ ၅၆၀၀ ခန့်ထိရှိနေကြောင်း တရုတ်အာဏာပိုင် အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

ဒါလီယန်မြို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ဒါလီယန်မြို့တွင် မိုးရေချိန်မှာ ၉၃ မီလီမီတာထိ မြင့်တက်နေကြောင်း တရုတ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဂျင်ကျိုးနှင့် ဟူလူဒေါင်ကမ်းခြေဒေသတို့တွင်လည်း နေအိမ်တချို့ရေလွှမ်းနေပြီး စိုက်ခင်းများလည်း ပျက်စီးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပြောင်းဖူးနှင့် ပဲပိစပ်စိုက်ခင်း အမြောက်အမြားပျက်စီးခဲ့ရပြီး ကျွဲ၊ နွားတိရစ္ဆာန် သေဆုံးမှုနှုန်းလည်း မြင့်မားလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့်လည်း ရာသီဥတုလွန်ကဲမှုများဖြစ်ပေါ်နေပြီး ကျန်းဇီနှင့် ဖူကျိအန်ပြည်နယ်တို့တွင်လည်း လေတိုက်နှုန်း မြင့်မားလျက်ရှိကြောင်း၊ လက်ရှိရာသီဥတုလွန်ကဲမှုကြောင့် တရုတ်နိုင်ငံအရှေ့ဘက်ပိုင်းပြည်နယ်များတွင် ပိုမိုဆိုးရွားသည့် သဘာဝဘေးဒဏ်များဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံခေါင်းဆောင်များကို ပုပ်ရဟန်းမင်းကြီး တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၄**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ရာသီဥတုဖောက်ပြန်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ရာသီဥတုဖောက်ပြန်မှုကို အဓိကဖြစ်ပေါ်စေသည့်နိုင်ငံများမှာ အင်အားကြီးနိုင်ငံများဖြစ်သည့်အတွက် ပုပ်ရဟန်းမင်းကြီးက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံခေါင်းဆောင်များကို တိုက်တွန်းခဲ့သည်ဟု Swiss Info သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မကြာသေးမီက ရေကြီးရေလျှံမှုကြောင့် အရေးပေါ်အခြေအနေအဖြစ်ကြေညာထားသည့် တောင်ကိုရီးယားနိုင်ငံကဖြစ်စဉ်ကို ဥပမာပေး၍ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်နေကြောင်း၊ တောင်ကိုရီးယားဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေပြီး ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေး လုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောကြားခဲ့သည်။

"ကမ္ဘာ့ခေါင်းဆောင်ကြီးတွေကို ကျွန်တော့်အနေနဲ့ နောက်ထပ်တိုက်တွန်းချင်တာကတော့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို ထိန်းချုပ်နိုင်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ဒါက အရေးပေါ်ရင်ဆိုင်နေရတဲ့ ပြဿနာဖြစ်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ တုံ့ဆိုင်းနေလို့ မရတော့ပါဘူး။ ကမ္ဘာမြေကြီးကိုကာကွယ်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး လုပ်ငန်းတွေကို အရှိန်မြှင့်တင် ဆောင်ရွက်သွားကြဖို့ အင်အားကြီးနိုင်ငံတွေရဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို ထပ်မံတိုက်တွန်းအပ်ပါတယ်"ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**


## ယခုဘဏ္ဍာနှစ် ဧပြီလမှဇွန်လထိ အသေးစားစက်မှုလက်မှုလုပ်ငန်း ၄၆၃ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်း ၃၃၈ ခု ပြန်လည်ပယ်ဖျက်ပေးခဲ့



**နေပြည်တော် ဇူလိုင် ၂၄**

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှဇွန်လထိ သုံးလတာကာလအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ၄၆၃ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်း ၃၃၈ ခု ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာ ဥပဒေများ ပေါ်ထွန်းလာစေပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဖြင့်တင်ရေးကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဘေးဥပဒ်ကင်းရေးအတွက် သုတေသနဓာတ်ခွဲခန်းများ တည်ထောင်စမ်းသပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လစဉ် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်ဆောင်ရွက်လာသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ရှိနေသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်း မရှိတော့သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကိုလည်း စာရင်းမှပြန်လည်ပယ်ဖျက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်ပေးမှုများအရ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၅၁၀ ကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်း ၁၀၀ ကို ပြန်လည်ပယ်ဖျက်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်ထိ အသေးစားစက်မှုလက်မှုလုပ်ငန်းပေါင်း ၁၉၄၀၀ ခုထိ တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင်လည်း ဧပြီလတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ ခု မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်ငန်း ၃၁၃ ခုကို ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း၊ မေလတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၂၂၇ ခု မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်ငန်း ၂၂ ခု ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း၊ ဇွန်လတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၂၂၃ ခု မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်ငန်းသုံးခုကို ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှဇွန်လကုန်ထိ အသေးစားစက်မှုလက်မှုလုပ်ငန်း ၄၆၃ ခု မှတ်ပုံတင်ပေးခဲ့ပြီး လုပ်ငန်း ၃၃၈ ခုကို ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လထိ အသေးစားစက်မှုလက်မှုလုပ်ငန်းပေါင်း ၁၉၅၂၆ ခုထိ တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

SKL

## ကျောက်မဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကျောက်မဲ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ခိုမုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဆမ်သိန်းနှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

ခိုမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပံ့ငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**







## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆/၂၆)၊ အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ် (၅/ဆ-၂)၊ ဧရိယာ (၀. ၁၃၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ၅/ဆ-၁
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ၅/ဆ-၃

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်လှလှရွှေ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈/၂၂)၊ အကွက်အမည် ပွဲဆိပ်ကွင်း၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ (၀. ၁၀၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ၁၁
(ဂ) တောင်လားသော် - ၁၄
(ဃ) မြောက်လားသော် - ၁၂/က၊ ၁၂/ခ

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်တင်မာဆွေ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉×၃၀ ကြား၊ ၅၆လမ်း၊ ကျန်းမာရေး(၁)တောင်ပိုင်းရှိ ပေ (၄၀×၃၀)ပတ်လည်မြေအား ဦးထွန်းဖေ(၉/စကန(နိုင်)၀၀၅၃၃၈)သည် ၂၀၀၂ခုနှစ် မတ်လ (၃)ရက်တွင် ဝယ်ယူခဲ့ပါသည်။ ဦးထွန်းဖေ သည် လွန်ခဲ့သော (၁၀)နှစ်ခန့်က ကွယ်လွန်ခဲ့ပြီး သား၊သမီး (၇)ဦး ကျန်ရစ်ခဲ့ပါသည်။ ကျန်ရှိ သား၊သမီး (၇)ဦးအနက်မှ ဦးအောင်တင့်လွင်၊ဦးအောင်မြင့်စိန်၊ဒေါ်မူမူမြင့်၊ဒေါ်မျိုးမျိုးသက်၊ဦးဇော်မင်းထက် တို့သည် အမွေဆိုင်သား၊သမီးများဖြစ်ကြသဖြင့် အထက်ပါမြေကွက်အား ၎င်းတို့(၅)ဦး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာသူများ

**ဦးအောင်တင့်လွင်(၉/စကန(နိုင်)၀၀၅၇၇၄)၊ ဦးအောင်မြင့်စိန်(၁၃/နစန(နိုင်)၀၀၂၈၅၁)**
**ဒေါ်မူမူမြင့်(၉/စကန(နိုင်)၀၀၅၃၈၄)၊ ဒေါ်မျိုးမျိုးသက်(၉/စကန(နိုင်)၀၅၆၅၅၉)၊**
**ဦးဇော်မင်းထက်(၉/စကန(နိုင်)၀၅၆၉၀၂)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ ညောင်ပင်စောက်ကျေးရွာ၊ တလင်းကြီးအထက်တန်းကျောင်း(ခွဲ)၊ Grade-12 တွင်ပညာသင်ကြားနေသော မဖိုးပြည့်ပြည့်နိုင်(၉/မဟမ(နိုင်)၀၆၉၃၉၈)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၆-၄-၂၀၀၆ ဖြစ်ပါကြောင်း။

**၆-၄-၂၀၀၆**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(တ)ရွာနေ ဦးဇေယျာမြင့် - ဒေါ်သန်းသန်းဌေး တို့၏သား မောင်ဇေဘုန်းနိုင် အား မောင်ဇေစက်နိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇေစက်နိုင်**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၉)၊ ဝါးရဲချောင်းကျေးရွာတွင်နေထိုင်သူ (ဘ) ဦးမောင်ပွား၏သမီး ကျွန်မ ဒေါ်ခင်မေထွေး (၉/မမန(နိုင်)၀၈၆၉၆၁)ကိုင်ဆောင်သူမှ ကြေညာအပ်ပါသည်။ ကျွန်မ၏အစ်ကိုဖြစ်သူ ဦးအောင်လွင်(၉/မမန(နိုင်)၀၄၄၁၂၂) ကိုင်ဆောင်သူသည် ညီမဖြစ်သူ ကျွန်မအား စိတ်ဒုက္ခပေးခြင်း၊စိတ်ဆင်းရဲဖြစ်ခြင်းအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ပါသဖြင့် (၂၄-၇-၂၀၂၃)ရက်နေ့မှစ၍ ဦးအောင်လွင်နှင့် ပတ်သက်သောကိစ္စအဝဝအရပ်ရပ်ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၎င်းအား မိသားစုစာရင်းမှ အပြီးတိုင် စွန့်လွှတ်လိုက်သည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ဦးအောင်လွင်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်း‌ခံပါ။

**ဒေါ်ခင်မေထွေး(၉/မမန(နိုင်)၀၈၆၉၆၁)**
**ရပ်ကွက်ကြီး(၁၉)၊ ဝါးရဲချောင်းကျေးရွာ၊ ပြင်ဦးလွင်မြို့။**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊မလှိုင်မြို့၊ အ. ထ. က(မလှိုင်)၊ Grade-6 တွင်ပညာသင်ကြားနေသော မမြတ်နိုးချစ်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းနိုင် ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်(၉/မလန(နိုင်)၁၄၄၄၇၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊မလှိုင်မြို့၊ အ. ထ. က(မလှိုင်)၊ Grade-12 တွင်ပညာသင်ကြားနေသော မောင်ကျော်သူအောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစိုးပိုင်ဦး ဖြစ်ပါကြောင်း။

**ဦးစိုးပိုင်ဦး(၉/မလန(နိုင်)၀၉၇၉၃၇)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊မလှိုင်မြို့၊ အ. ထ. က(မလှိုင်)၊ Grade-11 တွင်ပညာသင်ကြားနေသော မကြူကြူလှိုင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဝင်းဗိုလ် ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်(၉/မထလ(နိုင်)၁၆၂၂၄၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အ. ထ. က (မလှိုင်)၊ Grade-10 တွင် ပညာသင်ကြားနေသော မယွန်းဝတီဦး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဆန်းအောင် ဖြစ်ပါကြောင်း။

**ဦးဆန်းအောင် (၉/မလန(နိုင်) ၀၈၈၅၀၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အ. ထ. က(မလှိုင်)၊ Grade-9 တွင် ပညာသင်ကြားနေသော မယွန်းသဉ္ဇာမောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းဝင်း ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဝင်း(၇/ကပန(နိုင်)၀၆၃၁၅၅)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် လူတစ်စု၏စီးပွားတိုးတက်ရေးထက် လူအများ စီးပွားရေးတိုးတက်ရန်လည်းလို...

❖ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ရွေးချယ်လေ့ကျင့်ပေးနိုင်လိမ့်မည်ဟုမျှော်လင့်ထားပါကြောင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ အပါအဝင် လုပ်ငန်းသစ် ၁၀ ခု ခွင့်ပြု စာမျက်နှာ - ၁၆

ဆရာဝန် (သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ် စာမျက်နှာ - ၁၇

The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ကစားသမား ဟားမန်း ဆွတ်ခူး စာမျက်နှာ - ၉



**မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၄-၇-၂၀၂၃)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| မတ္တရာ | ၆ | ဒသမ ၇၇ | လက်မ | ကျိုက်ဒုံ | ၂ | ဒသမ ၇၂ | လက်မ |
| ဝမ်းတွင်း | ၅ | ဒသမ ၁၈ | လက်မ | ခရမ်း | ၂ | ဒသမ ၆၃ | လက်မ |
| ပြင်ဦးလွင် | ၄ | ဒသမ ၆၁ | လက်မ | ပုသိမ်ကြီး | ၁ | ဒသမ ၈၇ | လက်မ |
| ငါးသိုင်းချောင်း | ၃ | ဒသမ ၅၄ | လက်မ | ကိုကိုးကျွန်း | ၁ | ဒသမ ၇၃ | လက်မ |

ရှင်မဟာရဋ္ဌသာရ၏ ဝလုံးကလေးများ

ဆောင်းပါး စာမျက်နှာ - ၂၃

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar